မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၂၃ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၆၁)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ခရိအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဇယ်ဂျ်ကို ဘော့စ်ညက် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ခရိအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ခရိအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဇယ်ဂျ်ကိုဘော့စ်ညက်သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဂျူဗင်စီယိုဒေဂျေရူးစ်မာတင်(စ်)သည် ယနေ့ နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျူဗင်စီယိုဒေဂျေရူးစ်မာတင်(စ်)အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇွန် ၂၃ ရက်)

မြန်မာ–လာအို ချစ်ကြည်ရင်းနှီးမှုရှိသော အိမ်နီးချင်းမိတ်ဆွေကောင်းများဖြစ် ဒေသတွင်း ဖွံ့ဖြိုးရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံ နေပြည်တော်သို့ ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ ဇွန်လ ၂၁ရက်နေ့က လာရောက်တွေ့ဆုံခဲ့သည်။

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးအပါအဝင် ကဏ္ဍစုံ၌ အကျိုးတူကိစ္စရပ်များကို မြှင့်တင်ဆောင်ရွက်ရေး၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသောကိစ္စများ၌ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဇွန်လ ၂၁ရက်နေ့၌ပင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်တို့သည် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု စဉ်ဆက်မပြတ် တိုးမြှင့်ခိုင်မာရေး၊ အိမ်နီးချင်းကောင်းပီသသော ဆက်ဆံမှုများကို ဆက်လက်ထိန်းသိမ်းတိုးမြှင့်ရေး၊ အဆင့်မြင့်ကိုယ်စားလှယ်များ အပြန်အလှန်ပုံမှန်သွားလာလည်ပတ်ရေး၊ မြန်မာ–လာအို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးသဘောတူညီချက်များကို အပြန်အလှန်ဆက်စပ် အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဒေသတွင်းနှင့် နှစ်နိုင်ငံအကြား လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့်အပြင် နှစ်နိုင်ငံ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိကြသဖြင့် နှစ်နိုင်ငံခေါင်းဆောင်များသည် အိမ်နီးချင်းမိတ်ဆွေကောင်းပီသသော ဆက်ဆံမှုများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပြီး အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုများကို တိုးမြှင့်ဖော်ဆောင်သွားနိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။



ပြင်ဦးလွင်-မိုးကုတ်ကားလမ်း ကျောက်ချောလမ်းအဆင့် ဖောက်လုပ်နေမှု ဆောက်လုပ်ရေးဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၂၀ရက် နံနက်ပိုင်းက ပြင်ဦးလွင်-မိုးကုတ်ကားလမ်းသစ်တစ်လျှောက် စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းအနိမ့်အမြင့်ဖြေခြင်းနှင့် မြေကြီးလုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး (အပေါ်ပုံ)**မိုင်တိုင်အမှတ်(၁၁/၀) မိုင်ရှိ ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ အင်ဂျင်နီယာချုပ် ဦးမြင့်အောင်က တာဝန်ခွဲဝေပေးထားသည့် လမ်းအထူးအဖွဲ့ တစ်ဖွဲ့၊ ခရိုင်အဖွဲ့တစ်ဖွဲ့နှင့် ကုမ္ပဏီအဖွဲ့ ကိုးဖွဲ့ စုစုပေါင်း ၁၁ဖွဲ့ဖြင့် လုပ်ငန်းများဆောင်ရွက်နေမှု၊ စက်ယာဉ်ယန္တရားများ ရောက်ရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အင်ဂျင်နီယာမှူးကြီး ဦးစိုင်းကျော်မိုးက ရှမ်းပြည်နယ်(မြောက်ပိုင်း)အနေဖြင့် တာဝန်ယူဆောင်ရွက်ရသည့် လမ်းအပိုင်းကို ရှင်းလင်းတင်ပြသည်။**

မှာကြား

ထို့နောက် ဝန်ကြီးက ပြင်ဦးလွင်-မိုးကုတ်ကားလမ်းအသစ်အား လမ်းသားအကျယ် ၃၄ပေ၊ ကျောက်ချောလမ်းအကျယ် ၁၂ပေ၊ လမ်းပခုံးတစ်ဖက်လျှင် သုံးပေစီ ဆောင်ရွက်သွားရန်နှင့် ကျောက်ချောလမ်းအဆင့်အထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် လုပ်ငန်းများ ဖိဖိစီးစီးဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မိုင်တိုင်အမှတ် (၁၀/၆) နှင့် (၁၀/၇)အကြား၌ စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းအနိမ့်အမြင့် ဖြေခြင်းနှင့် မြေကြီးလုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြင်ဦးလွင်ခရိုင်က တာဝန်ယူဆောင်ရွက်လျက်ရှိသော ကဗျူး-ရွှေချောင်း-ဖောင်းတော-အနီးစခန်းလမ်းလုပ်ငန်း ဆောင်ရွက်နေမှုကို အဝင်လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ရောက်ရှိရာ ပြင်ဦးလွင်ခရိုင်အင်ဂျင်နီယာမှူး ဒေါ်အေးအေးမော်က ကဗျူး-ရွှေချောင်း-ဖောင်းတော-အနီးစခန်းလမ်း၏ ရွှေချောင်း-အနီးစခန်း အပိုင်း (၁၁/၀)မိုင်အား လမ်းသားအကျယ် ၃၄ ပေ ချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ကျောက်ခင်းခြင်းလုပ်ငန်းနှင့်တံတားများ တည်ဆောက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် မန္တလေး-လားရှိုးလမ်း မိုင်တိုင်အမှတ်(၂၇/၂)ရှိ ပြင်စာရွာမှ ကဗျူးအထိ ၁၇မိုင် ၂ဖာလုံ၌ လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရေးမြို့နယ်၌ ကျင်းပ

ရေး ဇွန် ၂၂

ရေးမြို့နယ် သစ်တောဦးစီးဌာနက ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၁၆ရက် နံနက် ၈နာရီက ရေးမြို့နယ် ပြည်သူ့ဆေးရုံဝင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးရဲထွန်းနှင့် ဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နန်းယဉ်မေဝင်းက ပျိုးပင်များပေးအပ်ရာ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက လက်ခံယူသည်။ ဆက်လက်၍ ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်ချို့က ပျိုးပင်များပေးအပ်ရာ ဌာနဆိုင်ရာနှင့် ရပ်ကွက်ဥက္ကဋ္ဌများမှ ကိုယ်စားလှယ်များက လက်ခံယူပြီးနောက် တက်ရောက်လာကြသူများက သစ်ပင်များကို စိုက်ပျိုးကြသည်။ **(ယာပုံ)**

စိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ကံ့ကော်၊ ခရေ၊ ယူကလစ်၊ အာသောက၊ ဆီးသပြေနှင့် တရုတ်တမာစသည့် ပျိုးပင်ပေါင်း၇၇၆ပင်စိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**သာသနာ့အမွေခံ** တရားတော် (ဆရာတော် ဓမ္မဂုရုတအရှင်ပညာဝရ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၅)
၈:၃၀	Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၉:၀၀	ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ မြဘုရင်နို့ချက်စက်ရုံ၏ လုပ်ငန်းရှင် ဦးဝင်းမောင်နှင့်တွေ့ဆုံခြင်း (အပိုင်း-၂)
၉:၂၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ နိုင်ငံတကာဆုရ မြန်မာ့တိုင်းရင်း အလှမွေးငါးများ
၉:၄၀	အားကစားမြင်ကွင်းစုံ
၁၀:၂၅	Activities in the City (စာရေးဆရာစစ်နွေ၏ တာဝန်ကျေခဲ့ပါသည် အပိုင်း-၁၂ စာအုပ်မိတ်ဆက်ပွဲ)
၁၀:၄၅	ကောင်းကင်ယံကအန္တရာယ်
၁၁:၀၀	ဗီဒီယိုပြခန်း
၁၁:၂၀	သတင်းပေးလို့ဖော် တောင်ငူ ပဲကြော်၊ ပဲလှော်
၁၁:၃၀	**ရင်သွေးအတွက်သတိတစ်ချက်** ညောင်ညောင်၊ မေသဥ္ဇာဦး၊ ဆုရှန်းလဲ့၊ ဒေါ်နှင်းဆီ (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၁:၄၀	ရန်ကုန်မြင်ကွင်းကျယ် (SIEC Preschool ကျောင်းဆင်းပွဲ)
၁၁:၅၀	ကျောက်ဆစ်ထွင်းထုပုံဖော်ပြု အနုမြတ်ပညာ
၁၂:၀၀	ဓာတ်ပုံထဲမှ အမှတ်တရများ (ရတနာမိုင်၏ဓာတ်ပုံထဲမှ အမှတ်တရများ)
၁၂:၃၀	ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာ ရယူခြင်းလုပ်ငန်း
၁၂:၄၀	သီးပွင့်ဝေဆာ ပဒေသာ (ကျွဲကော)
၁:၀၀	**သာသနာ့အမွေခံ** တရားတော် (ဆရာတော် ဓမ္မဂုရုတအရှင်ပညာဝရ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	စကားနပန်း (အိမ်နီးနားချင်းနဲ့ အရောဝင်တာကောင်းတယ်၊ အိမ်နီးနားချင်းနဲ့ အရောမဝင်တာကောင်းတယ်)
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၅)
၄:၁၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ နိုင်ငံတကာဆုရ မြန်မာ့တိုင်းရင်း အလှမွေးငါးများ
၄:၃၅	Industrial Talk
၅:၁၀	ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ မြဘုရင်နို့ချက်စက်ရုံ၏ လုပ်ငန်းရှင် ဦးဝင်းမောင်နှင့်တွေ့ဆုံခြင်း (အပိုင်း-၂)
၅:၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀	MRTV-4 သတင်း
၆:၂၀	ဓာတ်ပုံထဲမှ အမှတ်တရများ (ရတနာမိုင်၏ဓာတ်ပုံထဲမှ အမှတ်တရများ)
၆:၄၅	ဗီဒီယိုပြခန်း
၇:၀၀	MNL ပြိုင်ပွဲ၏ အားသစ်များ (နေပြည်တော် F.C)
၇:၂၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (နွဲ့ယဉ်ဝင်း)
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း (အိမ်နီးနားချင်းနဲ့ အရောဝင်တာကောင်းတယ်၊ အိမ်နီးနားချင်းနဲ့ အရောမဝင်တာကောင်းတယ်)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၅)
၁၀:၀၀	လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး (အပိုင်း-၂) (ပါမောက္ခဒေါက်တာ ချယ်ရီသန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုံရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်နီ)
၁၀:၂၀	Sports World
၁၀:၄၀	Hair Style for All (အမျိုးသား၊ အမျိုးသမီး)
၁၀:၅၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၂၀	MNL ပြိုင်ပွဲ၏ အားသစ်များ (နေပြည်တော် F.C)
၁၁:၃၅	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (နွဲ့ယဉ်ဝင်း)
၁၂:၁၅	ရန်ကုန်မြင်ကွင်းကျယ် (SIEC Preschool ကျောင်းဆင်းပွဲ)
၁၂:၂၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဇွန် ၂၂ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဇယ်ဂျ်ကိုဘော့စ်ညက်အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တီမောလက်(စ်)တေ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာဂျူဗင်စီယို ဒေဂျေဇူးစ်မာတင်(စ်)၄င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)

● *ရှေ့ဖုံးမှ*

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြင်ဦးလွင်မြို့သို့ ထွက်ခွာ

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်၌ ရောက်ရှိနေသည့် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီ ၁၀မိနစ်တွင် ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြင်ဦးလွင်မြို့သို့ ထွက်ခွာသွားကြသည်။

အဆိုပါ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ကမ်းရိုးတန်းဒေသများ မိုးပိုလာမည်

နေပြည်တော် ဇွန် ၂၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ဧရာဝတီတိုင်းတွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော် (ပျဉ်းမနား)တွင် ဝ ဒသမ ၅၉ လက်မ၊ ကော့သောင်းမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၂၁ လက်မ၊ ကျိုက္ကမီမြို့တွင် ၁ ဒသမ ၈၉ လက်မနှင့် ကော့ကရိတ်မြို့တွင် ၁ ဒသမ ၆၁ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဇွန် ၂၃ ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့်ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၀၅ ၇။ အကျိုးပြု အားမာန်ဆည်ရေ လှောင်တမံ(ရင်းရှည်)
၈:၁၀ ၈။ အတီးပြိုင်ပွဲ
၈:၁၅ ၉။ ဇင်ဇင်နှင့်ခြင်ကျား
၈:၂၅ ၁၀။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၄:၁၅ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(သချ်ာအထူးပြု) (သချ်ာ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၀ ၆။ သီချင်းကြီးပဒေသာ
၅:၀၀ ၇။ တေးဂီတအစီအစဉ်
၅:၁၀ ၈။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
၅:၂၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၃၀ ၁၀။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
၅:၄၀ ၁၁။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပွဲကြို သုံးသပ်ချက်)
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆:၄၅ ၁၅။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇:၁၅ ၁၆။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၇:၄၅ ၁၇။ အလင်္ကာကျော်စွာရွှေပြည်အေး နှစ်တစ်ရာပြည့် တေးဂီတ အစီအစဉ် **(အပိုင်း-၂)**
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၈:၂၀ ၁၉။ **ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အမေရိကန်အသင်းနှင့် အယ်လ်ဂျီးရီးယားအသင်း)**
၂၀။ မိုးလေဝသအခြေအနေ
၂၁။ ပြည်ထောင်စု ခရီးရှည် (ရာဇာဝင်းတင့်၊ သက်မှူးဟေသီ၊ တေးရေး-မောင်မောင်ဇော်ဝင်း)
၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ (အပိုင်း-၅၃)**
၂၃။ မြန်မာဗီဒီယိုဇာတ်လမ်း **ရွှေလက်ဖြင့်ခေါ်ချင်ပါသည်** ရဲအောင်၊ သဇင်၊ မေသဉ္ဇာဦး ဒါရိုက်တာ-သန်းဇော်(စန္ဒရား)

၂၄-၆-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၁:၀၀ ၁ ။ **ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဩစတြေးလျအသင်းနှင့် ဆားဗီးယားအသင်း)**

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ဘီလာရုဇ်သို့ သဘာဝဓာတ်ငွေ့ပို့လွှတ်မှု ဖြတ်တောက်ပစ်ရန် ရုရှားသမ္မတအမိန့်ထုတ်ပြန်

မော်စကို ဇွန် ၂၂

ဘီလာရုဇ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်မှုကို ဖြတ်တောက်ပစ်ရန် ရုရှားဂတ်စ်ပရွန် သဘာဝဓာတ်ငွေ့ကုမ္ပဏီအား ရုရှားသမ္မတဒီမီထရီမက်ဗီဒက်ဗ်က အမိန့်ထုတ်ပြန်ခဲ့သည်ဟု ဂတ်စ်ပရွန်ကုမ္ပဏီဥက္ကဋ္ဌ အလက်ဇီမီလာက ဇွန် ၂၁ရက်၌ ပြောကြားသည်။

ရုရှားသမ္မတဒီမီထရီမက်ဗီဒက်ဗ်

ရုရှားအစိုးရထံ သဘာဝဓာတ်ငွေ့တန်ဖိုး အမေရိကန်ဒေါ်လာ သန်း၂၀၀ပေးဆောင်ရန် ဘီလာရုဇ်အစိုးရက ပျက်ကွက်ခဲ့ပြီးနောက် ယင်းကဲ့သို့ အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ပို့လွှတ်

ရုရှားဂတ်စ်ပရွန်ကုမ္ပဏီအနေဖြင့် သဘာဝဓာတ်ငွေ့၈၅ရာခိုင်နှုန်းကျော်ကို ဘီလာရုဇ်နိုင်ငံအတွင်းသို့ ပို့လွှတ်မှု ထိခိုက်တော့မည်ဖြစ်သည်။

အမိန့်ထုတ်ပြန်

တစ်ချိန်တည်းမှာပင် ပေးဆပ်ရန်ရှိသော ကြွေးမြီများကို အချိုးကျပြန်လည်ပေးဆပ်ရေးနှင့်စပ်လျဉ်း၍ ဘီလာရုဇ်အစိုးရနှင့် ဆက်လက်ဆွေးနွေးရန် သမ္မတက အမိန့်ထုတ်ပြန်ခဲ့သည်ဟု ဂတ်စ်ပရွန်ကုမ္ပဏီက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



ရုရှားနိုင်ငံ မော်စကိုမြို့၌ကျင်းပသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ နိုင်ငံတကာ စက်မှုနည်းပညာကုန်စည်ပြပွဲ၌ ပြသထားသည့် တာဘိုင်စက်ကို ဇွန်၂၂ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

မီးလောင်မှုဖြစ်ပွား

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ အနောက်ပိုင်း တမ်ဘိုရာဒေသ၌ မီးလောင်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန် ၂၂ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ဂျပန်ဝန်ကြီးချုပ်နှင့်ဗဟိုဘဏ်ဥက္ကဋ္ဌ ကမ္ဘာတစ်ဝန်း စီးပွားရေးအခြေအနေများ တွေ့ဆုံဆွေးနွေး

တိုကျို ဇွန် ၂၂

ဂျပန်ဝန်ကြီးချုပ် နာအိုတိုကန်သည် ဂျပန်ဗဟိုဘဏ်ဥက္ကဋ္ဌ မာဆာကီရှီရာကာဝါနှင့် တိုကျိုမြို့တွင် ဇွန် ၂၁ရက်က တွေ့ဆုံဆွေးနွေးကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ဆွေးနွေး

ဂျပန်ဝန်ကြီးချုပ် နာအိုတိုကန်နှင့် ဗဟိုဘဏ်ဥက္ကဋ္ဌမာဆာကီရှီရာကာဝါတို့သည် ဂျပန်နိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ စီးပွားရေးအခြေအနေများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြပြီး လာမည့်သီတင်းပတ်အတွင်း ကနေဒါနိုင်ငံ၌ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးနှင့် စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်ဟုဆိုသည်။

နာအိုတိုကန်အနေဖြင့် ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ယခုလစောစောပိုင်းက တာဝန်ယူခဲ့ပြီးနောက် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ဝန်ကြီးအဖွဲ့ အတွင်းရေးမှူးချုပ် ယိုရှီတိုဆန်ဂိုကုနှင့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဟီရိုဟိုက် ယာမာဂူချိတို့လည်း တက်ရောက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အာဖဂန်နစ္စတန်၌ အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်မြင့်လာကြောင်း ကုလပြောကြား

ဂျီနီဗာ ဇွန် ၂၂

အာဖဂန်နစ္စတန်နိုင်ငံမှ အကြမ်းဖက်တိုက်ခိုက်မှုများသည် ယခုနှစ်ပထမလေးလအတွင်း သိသာစွာ ဆိုးရွားလာလျက်ရှိသည်ဟု ကုလသမဂ္ဂက ဇွန် ၁၉ရက်တွင် သတင်းထုတ်ပြန်သည်။

တိုးမြင့်

အာဖဂန်၌ လမ်းဘေးဗုံးပေါက်ကွဲမှုသည် ၂၀၀၉ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၉၄ရာခိုင်နှုန်း တိုးမြင့်ခဲ့သည်ဟု ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ သုံးလပတ် စစ်တမ်းများ၌ ဖော်ပြသည်။

ဖြစ်ပေါ်

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း၌ ပျမ်းမျှအားဖြင့် ရက်သတ္တတစ်ပတ်လျှင် သုံးကြိမ် အသေခံဗုံးဖောက်ခွဲမှုများ ဖြစ်ပေါ်လျက်ရှိပြီး တိုက်ခိုက်မှုအားလုံး၏ထက်ဝက်မှာ ၄င်းနိုင်ငံ တောင်ပိုင်းဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည်။

တိုက်ခိုက်

အာဖဂန်တောင်ပိုင်း ဟယ်လ်မန်ပြည်နယ်၌ နေတိုးဦးဆောင်သော စစ်ဆင်ရေးဆင်နွှဲခြင်းအပါအဝင် အမေရိကန်တပ်ဖွဲ့များအား တပ်ဖြန့်ချထားကာ အားဖြည့်ထားသည့်ကြားမှ အထက်ပါအတိုင်း ဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည်။ အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဒီဇင်ဘာလ၌ နိုင်ငံစုံတပ်ဖွဲ့ဝင် ပေါင်း ၃၀၀၀၀စေလွှတ်ရန် အမိန့်ပေးထားသည်။

(အင်တာနက်)

ကာနီဖြတ်ကူးလမ်း ဖွင့်လှစ်ရန် ဒေသခံများတောင်းဆို

ဂါဇာ ဇွန် ၂၂

ပါလက်စတိုင်းလူမျိုးများနှင့် ပြည်ပငြိမ်းချမ်းရေးတက်ကြွလှုပ်ရှားသူများက ဂါဇာမြောက်ပိုင်းရှိ ကာနီဖြတ်ကူးလမ်း အမြန်ဖွင့်ပေးရန် ဆန္ဒပြတောင်းဆိုကြကြောင်း ဇွန် ၂၁ရက်၌ အင်တာနက်တွင် ဖော်ပြသည်။

တောင်းဆို

ဒါဇင်နှင့်ချီရှိသော ဆန္ဒပြသူများက နဖူးစည်းစာတန်းများ ကိုင်ဆောင်ကာ အဆိုပါ ဖြတ်ကူးလမ်းအပြင်ဘက်တွင် စုရုံးကြပြီး ဂါဇာကမ်းမြောင်အား အစ္စရေးတို့က သုံးနှစ်ကြာပိတ်ဆို့ထားမှု အဆုံးသတ်ရန် တောင်းဆိုကြသည်။

ပြောကြား

အစ္စရေးက ဂါဇာကမ်းမြောင် သိမ်းပိုက်မှုကို လျှော့ချသည့်လုပ်ငန်းများ ဆောင်ရွက်နေသည်ဟု ပြောကြားချက်သည် မဟုတ်မမှန်ကြောင်း ဆန္ဒပြကော်မတီ အကြီးအကဲ အယ်လ်-ခေါင်ဒရီက ရှုတ်ချပြောကြားသည်။

ဖွင့်လှစ်ပေး

အဆိုပါ ကာနီဖြတ်ကူးလမ်းကို ဧပြီနှင့် မေလနှစ်လအတွင်း ၁၇ရက်ကြာ ဖွင့်လှစ်ပေးခဲ့သည်။ ၂၀၀၇ ခုနှစ်မတိုင်မီက ယင်းလမ်းသည် ကုန်တင်ယာဉ် ၁၀၀၀၀ လစဉ်မောင်းနှင်သွားလာကူးသန်းနေသည့် လမ်းဖြစ်သည်။

(အင်တာနက်)

ပါကစ္စတန်အနောက်မြောက်ဘက်၌ ယာဉ်မတော်တဆမှုဖြစ်ပွား၊ ၁၆ဦးသေဆုံး

အစ္စလမ္မာဘတ် ဇွန် ၂၂

ပါကစ္စတန်နိုင်ငံအနောက်မြောက်ဘက် ခိုင်ဘာပက်သူနဝါပြည်နယ်ရှိ ကာရက်စီးတီးမြို့အနီး အင်ဒပ်စ်အဝေးပြေးလမ်းမပေါ်၌ ဇွန် ၂၁ရက် နံနက်ပိုင်းက မတော်တဆမှုကြောင့် အဝေးပြေးဖိမ်ခံဘတ်စ်ကားတစ်စီး တိမ်းမှောက်ရာ ကလေးသုံးဦးနှင့် အမျိုးသမီးတစ်ဦး အပါအဝင် အနည်းဆုံး ၁၆ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာ သတင်းရပ်ကွက်က သတင်းထုတ်ပြန်သည်။

တိုက်မိ

အဆိုပါဘတ်စ်ကားသည် ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့တော်၏ မြို့စောင့်တပ်မှ ပါကစ္စတန်အနောက်မြောက်ဘက် ဘန်နူးခရိုင်သို့အသွား အဝေးပြေးလမ်းမပေါ်တွင် နောက်တွဲယာဉ်နှင့် ပြင်းထန်စွာ တိုက်မိခြင်းဖြစ်ကြောင်း သိရသည်။

နောက်တွဲယာဉ်၏ ယာဉ်မောင်းမှာ ထွက်ပြေးလွတ်မြောက်သွားပြီး ဒဏ်ရာရသူများကို ၄င်းဒေသအတွင်းရှိ ဆေးရုံသို့ ချက်ချင်းပို့ဆောင်ထားကြောင်း အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရန်နှင့် ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေး ပါကစ္စတန်က ဆက်လက်ဆောင်ရွက်မည်

အစ္စလမ္မာဘတ် ဇွန် ၂၂

မိမိနိုင်ငံသည် စွမ်းအင်လိုအပ်လျက်ရှိကြောင်း၊ လုံခြုံရေးကောင်စီက အီရန်အပေါ် အရေးယူပိတ်ဆို့မှု ပြုလုပ်ထားလင့်ကစား ပါကစ္စတန်အနေဖြင့် အီရန်နှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း သဘောတူညီချက်ရရှိရန် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးက ဇွန် ၂၁ရက်၌ အလေးထားပြောကြားလိုက်သည်။

လက်မှတ်ရေးထိုး

ပါကစ္စတန်၏ စွမ်းအင်လိုအပ်ချက်အပေါ်သုံးသပ်ပြီးနောက် ပါကစ္စတန်အစိုးရက အီရန်နှင့် ဓာတ်ငွေ့ပိုက်လိုင်းသစ်သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီး ကျူရီရှီက သတင်းထောက်များအား ဆက်လက်ပြောကြားသည်။

ထပ်လောင်းပြောကြား

အီရန်-ပါကစ္စတန်ဓာတ်ငွေ့ပိုက်လိုင်း သဘောတူညီချက်သည် ပါကစ္စတန်နိုင်ငံ၏ အကျိုးအတွက်ဖြစ်ကြောင်း၊ ယင်းသဘောတူညီချက်မှာ အီရန်အပေါ်အရေးယူပိတ်ဆို့ပြီးနောက်မှ ပြုလုပ်သည့်ဆောင်ရွက်မှုမဟုတ်ကြောင်း ကျူရီရှီက ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

မြောက်ဝါဇီရစ္စတန်၌ အမေရိကန်တို့ လေကြောင်းမှတိုက်ခိုက် ၁၁ ဦးသေဆုံး

အစ္စလမ္မာဘတ် ဇွန် ၂၂

ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ပြည်နယ်ရှိ လူမျိုးစုဒေသ၌ အမေရိကန်တို့ လေကြောင်းမှ ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် စစ်သွေးကြွဟု သံသယရှိသူ ၁၁ဦးသေဆုံးကြောင်း အာဏာပိုင်အဖွဲ့က ဇွန် ၁၉ရက်၌ သတင်းထုတ်ပြန်သည်။

ယင်းလေကြောင်းမှ တိုက်ခိုက်မှုသည် မြောက်ဝါဇီရစ္စတန်ပြည်နယ်ရှိ အဓိကမြို့ဖြစ်သည့် မီရန်ရှားမြို့ အရှေ့ဘက် ၂၅ ကီလိုမီတာအကွာရှိ တာလီဘန်နှင့် အယ်လ်ခိုင်ဒါတို့အား ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်နှင့် တောင်ဝါဇီရစ္စတန်ဒေသများ၌ ၂၀၁၀ခုနှစ် နှစ်ဦးပိုင်းကတည်းက လေကြောင်းတိုက်ခိုက်မှု အကြိမ် ၇၀အတွင်း လူပေါင်း ၂၀၀ကျော် သေဆုံးခဲ့သည်ဟု အာဏာပိုင်အဖွဲ့က ပြောကြားသည်။

(အင်တာနက်)

အီရတ်၌ တူရကီတို့ ဗုံးကြဲတိုက်ခိုက်

ဘဂ္ဂဒက် ဇွန် ၂၂

တူရကီဂျက်တိုက်လေယာဉ် နှစ်စင်းသည် အီရတ်နိုင်ငံ ကာဒစ်ရှ်အာဘယ်ပြည်နယ်ရှိ ဆီဒီကန်ခရိုင် ဆိုရမ်းမြို့မှ အနီးဝန်းကျင်ဒေသများကို ဇွန် ၂၀ရက်က ဗုံးကြဲတိုက်ခိုက်ကြောင်း ကာဒစ်ရှ်မီဒီယာဝက်ဘ်ဆိုက်တစ်ခုက သတင်းထုတ်ပြန်သည်။

ဇွန် ၁၉ရက်နှောင်းပိုင်းကလည်း ဆိုရမ်းနယ်စပ်ကို ရုတ်တရက်ဝင်ရောက်ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် အီရတ်အမျိုးသမီးတစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားသည်။ ဒဏ်ရာရရှိသူများ ကုသမှုခံယူရန် ဆေးရုံသို့ အရေးပေါ်ပို့ဆောင်ထားကြောင်း သိရသည်။

ပြစ်တင်ရှုတ်ချ

ယင်းလုပ်ရပ်ကြောင့် အီရတ်နိုင်ငံခြားရေးဝန်ကြီးက တူရကီအစိုးရကို ပြစ်တင်ရှုတ်ချလိုက်ပြီး ငြိမ်းချမ်းမှုကို လေးစားရန် တောင်းဆိုလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျာမနီနိုင်ငံ ဘာလင်မြို့ ချူနီဖီးလ် လေဆိပ်အနီး၌ ခရီးသည်တင်လေယာဉ် အရေးပေါ် ဆင်းသက်ခဲ့ရသည်ကို ဇွန် ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ဆီးရီးယားနှင့်ဗင်နီဇွဲလား ပူးပေါင်းဆောင်ရွက်မည်

ဆီးရီးယားနှင့်ဗင်နီဇွဲလား နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ စက်မှုနှင့် စိုက်ပျိုးရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် ၂၀၀၉ခုနှစ် စက်တင်ဘာလက သဘောတူထားခဲ့မှုကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆီးရီးယားအရာရှိများက ဇွန် ၂၂ရက်၌ ပြောကြားသည်။

တရုတ်နှင့်ဂျာမနီ နှစ်နိုင်ငံရဲတပ်ဖွဲ့လုပ်ငန်းများဆွေးနွေး

နှစ်နိုင်ငံရဲတပ်ဖွဲ့လုပ်ငန်းများ လက်တွဲဆောင်ရွက်သွားရေးအတွက် တရုတ်နှင့် ဂျာမနီတို့မှ ကိုယ်စားလှယ်များ တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဇွန် ၂၂ရက်က တွေ့ဆုံကာ ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်ဟု တရုတ်အရာရှိများက ပြောကြားသည်။

ကူဝိတ်နိုင်ငံ၌ အပူချိန်မြင့်တက်မှုသတိပေး

ကူဝိတ်နိုင်ငံတစ်ဝန်းတွင် အပူချိန်မြင့်တက်လျက်ရှိရာ ဇွန် ၂၂ရက်က အပူချိန် ၅၄ဒီဂရီဆဲလ်စီးရပ်စ်အထိ ရှိခဲ့သဖြင့် အမြင့်ဆုံးစံချိန်တင်မှုဖြစ်ကြောင်း၊ နောက်ရက် အနည်းငယ်အတွင်း အပူချိန်ဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း ကူဝိတ်အရာရှိများက သတိပေးချက်ထုတ်ပြန်ထားသည်။

ရုရှားက ဖွံ့ဖြိုးဆဲနိုင်ငံများကို ငွေလှူဒါန်းမည်

ရုရှားနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံများကို ယခုနှစ်၌ ငွေလှူဒါန်းရန်အတွက် အမေရိကန် ဒေါ်လာသန်း ၅၀၀ သတ်မှတ်ပေးထားကြောင်း၊ ၂၀၀၉ခုနှစ်က ဒေါ်လာ ၇၈၅သန်း လှူဒါန်းခဲ့ကြောင်း၊ အာဖရိကနှင့် အာရှအလယ်ပိုင်းနိုင်ငံများကို လှူဒါန်းခြင်းဖြစ်ကြောင်း ရုရှားအစိုးရက ဇွန် ၂၂ရက်၌ သတင်းထုတ်ပြန်ထားသည်။

အိုင်အေအီးအေကိုယ်စားလှယ်နှစ်ဦး အီရန်ပိတ်ပင်

အီရန်နိုင်ငံအနေဖြင့် အိုင်အေအီးအေမှ ကိုယ်စားလှယ်နှစ်ဦးအား နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပိတ်ပင်လိုက်ကြောင်း၊ ၎င်းတို့နှစ်ဦးသည် အီရန်၏ နျူကလီးယား လုပ်ငန်းစဉ်အပေါ် လွဲမှားသည့်သတင်းများ ထုတ်ပြန်ခြင်းကြောင့်ဖြစ်ကြောင်း အီရန်နျူကလီးယားအရာရှိများက ဇွန် ၂၂ရက်၌ သတင်းထုတ်ပြန်သည်။

တရုတ်-အာရပ် ကုန်သွယ်ရေးဆွေးနွေးပွဲ ကျင်းပမည်

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ယင်ချွမ်မြို့တွင် တရုတ်-အာရပ်စီးပွားရေးနှင့် ကုန်သွယ်ရေးဖိုရမ်ကို လာမည့်စက်တင်ဘာ ၂၆ရက်မှ ၃၀ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း တရုတ်-အာရပ်နိုင်ငံများ ကုန်သွယ်မှုပမာဏသည် ၂၀၀၉ခုနှစ်က အမေရိကန်ဒေါ်လာ ၁၀၇ဒသမ ၄ဘီလီယံအထိရှိခဲ့ကြောင်း တရုတ်အရာရှိများက ဇွန် ၂၂ရက်၌ သတင်းထုတ်ပြန်သည်။

အိန္ဒိယ၌ ဓာတ်ငွေ့ကန်အတွင်း ၃၅ဦးပြုတ်ကျ

အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် ဘူရမ်ပူရာခရိုင်အတွင်း ရေပေးဝေမှုကိုအထောက် အကူပြုပေးသည့် ဓာတ်ငွေ့သိုလှောင်ကန်တစ်ခုအတွင်းသို့ ပြွန်ပေါက်မှုတစ်ဆင့် ၃၅ဦးပြုတ်ကျခဲ့ရာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပြီး ဆေးကုသပေးလျက် ရှိကြောင်း အိန္ဒိယအရာရှိများက ဇွန် ၂၂ရက်၌ သတင်းထုတ်ပြန်သည်။

ကမ္ဘောဒီးယားကို ဂျာမနီက ဒေါ်လာသန်း၂၈၀ လှူဒါန်း

ဂျာမနီနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံသို့ ၁၉၉၂ခုနှစ်မှ ၂၀၀၉ခုနှစ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာသန်း ၂၈၀ လှူဒါန်းခဲ့ကြောင်း တရုတ်၊ ဂျပန်၊ အမေရိကန်နှင့် ပြင်သစ်နိုင်ငံတို့ပြီးလျှင် ဂျာမနီနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံသို့ ပဉ္စမမြောက် အများဆုံးလှူဒါန်းသည့် နိုင်ငံဖြစ်ကြောင်း ကမ္ဘောဒီးယားဘဏ္ဍာရေးဝန်ကြီးက ဇွန် ၂၂ရက်၌ ပြောကြားသည်။

ဂါနာနိုင်ငံ တီမာမြို့တော်၌ မိုးသည်းထန်ပြီးရေလွှမ်း

ဂါနာနိုင်ငံ မြို့တော် အက်ရာမြို့အရှေ့ဘက်ဆိပ်ကမ်းမြို့ဖြစ်သည့် တီမာမြို့တွင် ဇွန် ၂၂ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပွားရာ ဒေသခံ ၁၁ဦး သေဆုံးပြီး နေအိမ်များ ရေလွှမ်းခံခဲ့ရကြောင်း တီမာမြို့ ရဲတပ်ဖွဲ့က ဇွန် ၂၂ရက်၌ ပြောကြားသည်။ ။ (အောက်ပုံ) (အင်တာနက်)

ကျောက်မဲ စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ ဂုဏ်ပြုဆုနှင့် ပညာသင်ထောက်ပံ့ငွေများပေးအပ်

ကျောက်မဲ ဇွန် ၂၂

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ကျောက်မဲမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေး ကော်မတီကကြီးမှူး၍ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၉-၂၀၁၀) ဂုဏ်ပြု ဆုငွေနှင့် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၁၁ရက်က ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် စံမြင့်ဦး၊ ဗျူဟာမှူးများနှင့် တပ်ရင်းမှူးများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အကြံပြု

အခမ်းအနားတွင် သဘာပတိ မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးသိန်းနိုင်(ငြိမ်း)က အမှာစကားပြောကြားပြီး မြို့နယ် စစ်မှုထမ်းဟောင်း အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တစ်ဦးတို့က အစီရင်ခံစာကို ဖတ်ကြားတင်ပြ အကြံပြုဆွေးနွေးကြရာ သဘာပတိက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ဆက်လက်၍ ဗိုလ်မှူးချုပ်စံမြင့်ဦးနှင့် တာဝန်ရှိသူများက အသက်(၈၀)အထက် စစ်မှုထမ်းဟောင်းရှစ်ဦး၊ ခြေနှစ်ဖက် စွန့်လွှတ်ခဲ့သူ မသန်စွမ်းစစ်သည်တစ်ဦး၊ ခြေတစ်ဖက်စွန့်လွှတ်ခဲ့သူ မသန်စွမ်း စစ်သည်ငါးဦး၊ နာမကျန်းဖြစ်သူ ငါးဦး၊ စည်းရုံးရေးထူးချွန်သူ တစ်ဦး၊ စည်းရုံးရေး ကော်မတီဝင်ခုနစ်ဦး၊ စွမ်းဆောင်ရည်ဆု ၁၁ဦး၊ ဝန်ထမ်း၁၅ဦးနှင့် စစ်မှုထမ်းဟောင်း သားသမီး ၁၀၇ဦးတို့အတွက် ဂုဏ်ပြု လှူဒါန်းငွေကျပ်၁၉၅၁၀၀၀ ပေးအပ်ချီးမြှင့် ကြသည်။ **(အပေါ်ဝဲပုံ)**

(မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)

စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲ ရမည်းသင်း၌ကျင်းပ

ရမည်းသင်း ဇွန် ၂၂

ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းမှ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲကို ဇွန် ၂ရက်က ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် လွဲဦးကျေးရွာ ရွှေအင်ကြင်းစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ စာအုပ်လှူဒါန်းပွဲကို ရမည်းသင်းမြို့နယ် လွဲဦးကျေးရွာ ရွှေအင်ကြင်းစာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်း က ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အမှာစကားပြော ကြားသည်။ ဆက်လက်၍ ရမည်းသင်း ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးချိမောင်က သုတ၊ရသ မဂ္ဂဇင်းစာအုပ် ၃၀၀ကို လွှဲပြောင်းပေးအပ်ရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးလှအောင်က လက်ခံသည်။

(ယာပုံ)

အလားတူ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းမှ စာကြည့်တိုက်သို့ စာအုပ် လှူဒါန်းပွဲကို ပျော်ဘွယ်မြို့နယ် ဖွဲသင်းကျေးရွာ တိုးတက်ရေးစာကြည့်တိုက်၌ကျင်းပသည်။ **(ခရိုင် ပြန်/ဆက်)**

မြင်းမူမြို့နယ် စည်ပင်သာယာရေး အဖွဲ့ စည်ပင်ကျေးရွာ စက်ရေတွင်း ပြန်လည်ပြင်ဆင်ပြီး ရေထွက်ရှိနေမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင် မောင်နှင့် အမှုဆောင်အရာရှိ ဦးသန်း ဇော်တို့ ကွင်းဆင်းစစ်ဆေးရာ အငယ် တန်း အင်ဂျင်နီယာ(၂) ဦးအောင်နိုင်ဝင်း က ပြီးစီးမှုအခြေအနေကို ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဟောပြော

မန္တလေး ဇွန် ၂၂

မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများသည် ဇွန် ၉ရက် နံနက် ၁၀နာရီက စာကြည့်တိုက်ရေရှည် တည်တံ့ရေး အသိပညာပေးဟောပြောပွဲကို ဟေမမာလာမြောက်ရပ်ကွက် ဟေမာန်ဦး စာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်သန်းက စာကြည့်တိုက်၏ အကျိုး ကျေးဇူးများကို ဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇူပြီ ၂၃ရက်က စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ ယာဉ် အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေးအတွက် ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များက ယာဉ်များ ကြည့်ရှုစစ်ဆေးစဉ်။ (၀၉၀)

ကလေးဗဟိုပြုချဉ်းကပ် သင်ယူမှုမြှင့်တင်ရေး ဆရာ ဆရာမများသင်တန်း ဝါးခယ်မ၌ဖွင့်

ဝါးခယ်မ ဇွန် ၂၂

ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှု မြှင့်တင်ဆောင်ရွက်ရေး(SCCA) ဆရာ ဆရာမ များ သင်တန်းဖွင့်ပွဲကို မေ ၁၄ရက် နံနက်၉နာရီက ဝါးခယ်မမြို့ အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း ဒေါ်ပိုက်မိ အားကစားခန်းမ၌ကျင်းပရာ အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးကျော်၊ ဈေးအမကကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးကျော် **(အောက်ပုံ)**နှင့် ဈေးရပ်ကွက် အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ် ဆရာကြီး ဦးတင်ဝင်းတို့က သင်တန်းဖွင့်အမှာစကား ပြောကြားကြသည်။ **(၁၃၉)**

တီးတိန်စည်ပင်သာယာ ရေလှောင်ကန်ဆောက်လုပ်

တီးတိန် ဇွန် ၂၂

တီးတိန်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံး ငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တီးတိန်မြို့နယ် တွန်းဇန်ကျေးရွာတွင် ရေလှောင်ကန် (၈×၈×၆)ပေ ဆောက်လုပ် ရန် ပစ္စည်းစုဆောင်းမှုအခြေအနေနှင့် လုပ်ငန်း စတင် ဆောင်ရွက်မှုတို့ကို အမှုဆောင် အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်း ကြည့်ရှုကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

✻ *ကျောဖုံးမှ*

ဆောင်ရွက်ရန်နည်းလမ်းများ

၄။ နိုင်ငံရေး ပါတီများသည် သတ်မှတ်ပါတီဝင်အင်အား စုဆောင်းရရှိရေးအတွက် အောက်ဖော်ပြပါနည်းလမ်းများကို အသုံးပြုနိုင်သည်-

(က) သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်သည့်နေရာတွင် စုဝေးခြင်းနှင့် ဟောပြောတင်ပြခြင်း၊

(ခ) ရေးသားပုံနှိပ်ထုတ်ဝေတင်ပြခြင်း။

စုဝေးခွင့်နှင့် ဟောပြောခွင့်လျှောက်ထားခြင်း

၅။ သတ်မှတ်သည့်နေရာတွင် စုဝေးခြင်းနှင့် ဟောပြောခြင်း ပြုလုပ်လိုသော နိုင်ငံရေးပါတီများသည် အောက်တွင်ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ အနည်းဆုံး ခုနစ်ရက်ကြိုတင်၍ ခွင့်ပြုမိန့် လျှောက်ထားရမည်-

(က) ပြည်နယ် သို့မဟုတ် တိုင်း ကော်မရှင်အဖွဲ့ခွဲ ရုံးစိုက်ရာ မြို့နယ်များအတွက် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ၊

(ခ) ခရိုင်ကော်မရှင်အဖွဲ့ခွဲ ရုံးစိုက်ရာမြို့နယ်များအတွက် သက်ဆိုင်ရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊

(ဂ) အပိုဒ်ခွဲ(က)နှင့်(ခ)ပါ မြို့နယ်များမှအပ ကျန်မြို့နယ်များအတွက် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ။

၆။ ပါတီဌာနချုပ်နှင့် ပါတီရုံးခွဲများတွင် စုဝေးခြင်း၊ ဟောပြောခြင်းများကို ပြုလုပ်လိုပါက ခွင့်ပြုချက်လျှောက်ထားရန်မလိုဘဲ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့များသို့ အနည်းဆုံး ခုနစ်ရက်ကြိုတင်၍ အသိပေး တင်ပြရန်ဖြစ်သည်။

၇။ **လျှောက်ထားခွင့်ရှိသူများ။** အထက်အပိုဒ် ၅ အရ လျှောက်ထားရာတွင် သက်ဆိုင်ရာ နိုင်ငံရေးပါတီ၏ ဌာနချုပ်၊ ပြည်နယ် သို့မဟုတ် တိုင်း၊ ခရိုင်၊ မြို့နယ် ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးကဖြစ်စေ၊ ၎င်းအဆင့်များနှင့်တူညီသော တာဝန်ယူထားသည့် ပုဂ္ဂိုလ်ကဖြစ်စေ လက်မှတ်ရေးထိုး လျှောက်ထားရမည်။

၈။ **လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ။** ခွင့်ပြုမိန့် လျှောက်ထားရာတွင် သက်ဆိုင်ရာ နိုင်ငံရေးပါတီများသည် စုဝေးခြင်းနှင့် ဟောပြောခြင်းများကို တားမြစ်ချက်များ၊ ခွင့်ပြုမိန့်ပါ သတ်မှတ်ချက်များ၊ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြလျှောက်ထားရမည့်အပြင် အောက်ပါအချက်များကိုလည်း လျှောက်လွှာတွင် အပြည့်အစုံ ဖော်ပြရမည်-

(က) ပြုလုပ်လိုသည့်နေရာ၊

(ခ) ပြုလုပ်လိုသည့်နေ့ရက်၊

(ဂ) စတင်မည့်အချိန်နှင့် ပြီးဆုံးမည့်အချိန် (ခန့်မှန်း)၊

(ဃ) တက်ရောက်မည့်အင်အား (ခန့်မှန်း)၊

(င) ဟောပြောမည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ၊

(စ) လျှောက်ထားသူ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ။

၉။ **ကော်မရှင်အဖွဲ့ခွဲက စိစစ်ဆောင်ရွက်ခြင်း။** သက်ဆိုင်ရာ ကော်မရှင် အဖွဲ့ခွဲသည် အထက်အပိုဒ် ၅၊၇ နှင့် ၈ တို့အရ ခွင့်ပြုမိန့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍-

(က) လျှောက်ထားချက်ကို လိုအပ်သလိုစိစစ်ပြီး ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ခွင့်ပြုမိန့်ထုတ်ပေးပါက အောက်ပါ သတ်မှတ်ချက်များကို ခွင့်ပြုမိန့်တွင် ဖော်ပြရမည်-

(၁) ခွင့်ပြုသည့် နေ့ရက်နှင့် နေရာ၊

(၂) စတင်ရမည့်အချိန်နှင့် ပြီးဆုံးရမည့်အချိန်၊

(၃) ဟောပြောခွင့်ရရှိသည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ။

(ဂ) ခွင့်ပြုမိန့်ထုတ်ပေးရာတွင် စုဝေးခြင်းနှင့် ဟောပြောခြင်း ပြုလုပ်ရန် သတ်မှတ်သည့်နေရာသို့ အလံများကိုင်ဆောင်၍ လည်းကောင်း၊ စီတန်းလှည့်လည် ကြွေးကြော် ချီတက်ခြင်း မပြုရဟူ၍လည်းကောင်း၊ စုဝေးခြင်းနှင့် ဟောပြောခြင်း ပြီးဆုံးသည့်အခါ စီတန်းလှည့်လည် ကြွေးကြော် ချီတက်ခြင်း မပြုဘဲ လူစုခွဲရမည်ဟူ၍လည်းကောင်း စည်းကမ်းချက်များ သတ်မှတ်ဖော်ပြရမည်။

(ဃ) ခွင့်ပြုမိန့် ထုတ်ပေးရာတွင် အောက်ဖော်ပြပါ စည်းကမ်းချက်များကို လိုအပ်သလို သတ်မှတ်နိုင်သည်-

(၁) အစိုးရရုံးများ၊ အဖွဲ့အစည်းများ၊စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများ၊ ဈေးများ၊ အားကစားကွင်းများ၊ သာသနာရေးနှင့်ဆိုင်သည့် နေရာများ၊ စာသင်ကျောင်းများနှင့် ပြည်သူ့ဆေးရုံများ စသည့် လူစု လူဝေးရှိသည့် နေရာများကို အနှောင့်အယှက် မဖြစ်စေရန်၊

(၂) အဆောက်အအုံများ၊ ခန်းမများတွင် စုဝေးခြင်း၊ ဟောပြောခြင်းများ ပြုလုပ်ပါက ဝင်ဆံ့သည့်အရေအတွက်ထက် မကျော်လွန်စေရန်၊ (အဆောက်အအုံများနှင့် ခန်းမများ၏ ပြင်ပတွင် လူစုလူဝေးရှိမနေစေရန် တာဝန်ယူစေရမည်။)

(၃) စုဝေးခြင်း၊ ဟောပြောခြင်းပြုလုပ်ရန်ခွင့်ပြုသည့်နေရာသည် ကွင်းတစ်ခုခုဖြစ်ပါက ဝင်ဆံ့သည့်အရေအတွက်ထက် မကျော်လွန်စေရန်၊

(၄) တုတ်၊ ဓား၊ လက်နက်၊ ခဲယမ်းမီးကျောက်များနှင့် အခြားဘေးအန္တရာယ်ဖြစ်စေနိုင်သော အရာများကို ကိုင်ဆောင်ခြင်း မပြုရန်၊

(၅) ယာဉ်များသွားလာခြင်းကို အနှောင့်အယှက်မဖြစ်စေရန်နှင့် လမ်းများ ပိတ်ဆို့ခြင်းမပြုရန်၊

(၆) ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်စေရေးအတွက် (Sound Box) ကို ခွင့်ပြုသည့်အခန်းအတွင်း သို့မဟုတ် ကွင်းအတွင်း ကြားနိုင်ရုံသာ အသုံးပြုရန်၊

(၇) အသံချဲ့စနစ်ကို တည်ဆဲဥပဒေစည်းကမ်းများနှင့်အညီ အသုံးပြုရန်၊

(၈) အခြားသတ်မှတ်လိုသော စည်းကမ်းချက်များ။

(င) ခွင့်ပြုမိန့်ထုတ်ပေးပါက စုဝေးခြင်းနှင့် ဟောပြောခြင်း စတင် ပြုလုပ်မည့် အချိန်မတိုင်မီ ၄၈ နာရီထက် မနည်း ကြိုတင်ထုတ်ပေးရမည်။ ခွင့်ပြုမိန့် လျှောက်ထားခြင်းကို ငြင်းပယ်ပါက အကျိုးအကြောင်း ဖော်ပြလျက် စုဝေးခြင်းနှင့် ဟောပြောခြင်း စတင် ပြုလုပ်မည့် အချိန်မတိုင်မီ ၄၈နာရီထက် မနည်း ကြိုတင်အကြောင်းကြားရမည်။

(စ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ထောက်ရှု၍ လိုအပ်ပါက ခွင့်ပြုမိန့်ပါ သတ်မှတ်ချက်များနှင့် စည်းကမ်းချက်များကို ပြင်ဆင်ခြင်း သို့မဟုတ် ခွင့်ပြုမိန့်ကို ရုပ်သိမ်းခြင်း ပြုနိုင်သည်။

(ဆ) မိမိနယ်မြေဒေသအတွင်း စုဝေးခြင်းနှင့် ဟောပြောခြင်း ပြုလုပ်ရန် ခွင့်ပြုနိုင်မည့် အများပြည်သူတို့နှင့် သက်ဆိုင်သော နေရာဒေသများကို သက်ဆိုင်ရာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် ညှိနှိုင်း၍ ကြိုတင် သတ်မှတ်ထားရမည်။

(ဇ) စုဝေးခြင်း၊ ဟောပြောခြင်းတို့ကို ပျက်ပြားအောင် မပြုနိုင်စေရန်နှင့် နှောင့်ယှက်ခြင်း မပြုနိုင်စေရန် သက်ဆိုင်ရာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လုံခြုံရေး တပ်ဖွဲ့များမှ လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဈ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိပါးမည့် အန္တရာယ်မှ ကာကွယ်နိုင်ရန် သက်ဆိုင်ရာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လုံခြုံရေးတပ်ဖွဲ့များမှ လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

ရေးသားပုံနှိပ်ထုတ်ဝေတင်ပြခွင့်

၁၀။ နိုင်ငံရေးပါတီများသည် မိမိတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ပြည်သူအများသိရှိစေရန် စာရွက်စာတမ်း၊ စာအုပ်နှင့် လက်ကမ်းစာစောင်များ ရေးသား၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိလိုပါက ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေနှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့်စာပေစိစစ် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့က ၁၇-၃-၂၀၁၀ ရက်စွဲဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက် အမှတ် (၄၂)ပါအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

တားမြစ်ချက်များ

၁၁။ နိုင်ငံရေးပါတီများသည် စုဝေးခြင်း၊ ဟောပြောခြင်းနှင့် ရေးသားပုံနှိပ် ထုတ်ဝေဖြန့်ချိခြင်းတို့ ပြုလုပ်ရာတွင် အောက်ဖော်ပြပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ကျူးလွန်ခြင်း မပြုရ-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ပြုလုပ်မှု၊

(ခ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ပြုလုပ်မှု၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာမှု မရှိခြင်း၊

(ဃ) နိုင်ငံတော်အား အကြည်ညိုပျက်စေရန် သို့မဟုတ် ဂုဏ်သိက္ခာ ထိပါးစေရန် ဟောပြောခြင်း၊ ရေးသားပုံနှိပ် ထုတ်ဝေခြင်း၊

(င) တပ်မတော်ပြိုကွဲရေးကို ဖြစ်ပေါ်စေရန် သို့မဟုတ် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(စ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့် ပတ်သက်၍ ပဋိပက္ခ ဖြစ်ပေါ်စေနိုင်သည့်၊ သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခြင်း၊

(ဆ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစား ပြုလုပ်ခြင်း၊

(ဇ) ငြိမ်းချမ်းစွာပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုး လှုံ့ဆော်ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(ဈ) နိုင်ငံ့ဝန်ထမ်းများအား ယင်းတို့၏ တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်စေရန် သို့မဟုတ် အစိုးရအား ဆန့်ကျင် ဆန္ဒပြစေရန် သွေးထိုးလှုံ့ဆော်ဟောပြောခြင်း၊ ရေးသား ပုံနှိပ် ထုတ်ဝေခြင်း။

၁၂။ နိုင်ငံရေးပါတီများသည် မိမိတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို စုဝေးဟောပြောခြင်းနှင့် ရေးသားပုံနှိပ်ထုတ်ဝေ ဖြန့်ချိခြင်းတို့ ပြုလုပ်ရာတွင် တည်ဆဲဥပဒေများ၊ ညွှန်ကြားချက်ပါ တားမြစ်ချက်များ၊ ခွင့်ပြုမိန့်ပါ သတ်မှတ်ချက်များနှင့် စည်းကမ်းချက်များကို မဆန့်ကျင်စေရ။

၁၃။ နိုင်ငံရေးပါတီများသည် ညွှန်ကြားချက်တွင် ဖော်ပြပါရှိသည့် တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ခွင့်ပြုမိန့်ပါ သတ်မှတ်ချက် သို့မဟုတ် စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည့်အပြင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရလည်း အရေးယူခြင်းခံရမည်ဖြစ်သည်။

နိဂုံး

၁၄။ သို့ဖြစ်၍ နိုင်ငံရေးပါတီများသည် ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်စေရေးအတွက် ပါတီဝင်အင်အား စုဆောင်းရာတွင် စုဝေးခြင်း၊ ဟောပြောခြင်း၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်းများ ပြုလုပ်ကြရာ၌ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဝန်ကြီး ဦးဉာဏ်ဝင်းအား တီမောလက်(စ်)တေ သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျူဗင်စီယို ဒေရျေဇူးစ်မာတင်(စ်)သည် ယနေ့ ညနေ ၃နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှိုင်ကော်ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များအား

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ပို့ချ

နေပြည်တော် ဇွန် ၂၂

လှိုင်ကော်ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊ လှိုင်ကော်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့်ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၈နာရီခွဲတွင် လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းပို့ချ

သင်တန်းတွင် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးဦးခင်မောင်ရီက ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်ကိုလည်းကောင်း၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးစိုင်းသိန်းလွင်က မဲရုံမှူး၊ ဒုမဲရုံမှူးလုပ်ငန်း လမ်းညွှန်ကိုလည်းကောင်း၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးစိုင်းမြသောင်းက လွှတ်တော်(၃)ရပ် ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း ရှင်းလင်းပို့ချကြသည်။

ပြန်လည်ဖြေကြား

ထို့နောက် သင်တန်းတက်ရောက်လာသူများ၏ သိရှိလိုသည်များကို ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

အဆိုပါ သင်တန်းသို့ ခရိုင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် ဒုမဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များ စုစုပေါင်း သင်တန်းသား ၂၉၄ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးလှမြင့်ဦး အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်း အမှတ်စဉ်(၁၃) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး)

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၁၃) ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၂

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ကေတုမတီခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင်ဦးလှမြင့်ဦးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဗဟိုဝန်ထမ်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြဆရာ၊ ဆရာမများနှင့်အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၁၃)သို့ တက်ရောက်ကြသည့် ဝန်ကြီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိ အရာထမ်း သင်တန်းသူ ၆၃ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲ ဆုရသူများ စာရင်းထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၂၂

၂၀၁၀ခုနှစ် ဇွန် ၂၆ရက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို အကဲဖြတ်ရွေးချယ်ရေးအဖွဲ့များက စိစစ်ရွေးချယ်ပြီး ဆုရရှိသူများ စာရင်းကို ဇွန် ၂၂ရက်က ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ဒေါ်ချိုနွယ်ဌေးဝင်း(ရှင်းသန့်ချို)၏ ***မူးယစ်သည့်ဆေး အန္တရာယ်ပေး ယှဉ်တွေးချိန်ဆ ရှောင်ကြဉ်ကြ*** *ဝတ္ထုတိုက ပထမ၊ ဦးကံမြင့်(ကံမြင့်မော်) ၏* ***အပိုဒုက္ခမရှာသူပင် ဘဝရဲ့အရှင်သခင်*** *ဝတ္ထုတိုက ဒုတိယ၊ ဗိုလ်တင်ဇာမော်(မြခြူးအိမ်)၏* ***ရင်ကိုခွင်းသော မြားတစ်စင်း*** *ဝတ္ထုတိုက တတိယရရှိကြပြီး အထူးဆုများအဖြစ် ဦးသိုက်ထွန်း(ဂမုန်းပွင့်-မကွေး)၏* ***မြူမှောင်ကင်း၍လမင်းသာ****၊ ဦးခင်လှ (သိုးကလေး-မအူပင်)၏* ***ရေနောက်မှာပေါက်တဲ့ကြာ****နှင့် ဒေါ်ခင်အုန်းမြင့်(နန္ဒာခင်-သက္ကလမြေ)၏* ***အပြာရောင်မျက်ရည်စက်များ၏ နိဂုံး****တို့က ရရှိကြသည်။*

ဆောင်းပါးပြိုင်ပွဲ

ဆောင်းပါးပြိုင်ပွဲတွင် မောင်ထွန်းထွန်းဝင်း (ခွန်ထီးငယ်-သမိုင်း)၏ ***စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက်အောင်ပွဲဆက်*** *ဆောင်းပါးကပထမ၊ မနုထက်ထက်လွင်၏* ***မူးယစ်သည့်ဆေး အန္တရာယ်ပေး မူးယစ်ဆန့်ကျင် စိတ်လန်းရွှင်၊ ပန်းတိုင်ချီတက်အောင်ပွဲဆက်****ဆောင်းပါးက ဒုတိယ၊ ဦးရဲညွှန့်(ရဲရဲထွန်း-ဟင်္သာတ)၏* ***မူးယစ်ကင်းစင်အလှဆင်၊ ပျော်ရွှင်လျှောက်လှမ်း ဘဝလမ်း*** *ဆောင်းပါးက တတိယရရှိကြပြီး အထူးဆုများအဖြစ် ဦးသန်းလွင်(သိန်းဇော်-ရွှေလီဦး)၏* ***သမိုင်းနှင့်ယှဉ် ဉာဏ်မြော်မြင်၍ ဆင်ခြင်သတိ အမျိုးသားရေးအသိဖြင့် ကာကွယ်တိုက်ဖျက်ရမည့် မူးယစ်ဆေးဝါး အန္တရာယ်****၊ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)၏* ***အားကစားကိုမြှင့် ကမ္ဘာတင့်နိုင်းချင့်ရှောင်ပေးမူးယစ်ဆေး****နှင့် မောင်မောင်ဝင့်ဝါ၏* ***အမျိုးသားရေးတာဝန်မို့ တားဆီးကာကွယ် တိုက်ဖျက်စို့****တို့က ရရှိကြသည်။*

ကဗျာပြိုင်ပွဲတွင် ဦးမိုးအောင်(မောင်မောင်မိုးအောင်)၏ ***နောင်တစ်ခေတ်၏ ခေါင်းဆောင် အနာဂတ်လုပအောင်*** *ကဗျာက ပထမ၊ ဦးပဏ္ဍိတာနန္ဒ(မြတ်ဘုန်း-တပ်ကုန်း)၏* ***ပန်းတိုင်းပွင့်ဝေ မွှေးကြူစေ မူးယစ်ကင်းသည့် မြန်မာ့မြေ****ကဗျာက ဒုတိယ၊ မြေလတ်မင်းလွင်၏* ***မူးယစ်ကင်းစင် ကမ္ဘာတစ်ခွင်*** *ကဗျာက တတိယရရှိကြပြီး အထူးဆုများအဖြစ် ဦးဝေယံထွန်း(သူရ-မကွေး)၏* ***စိတ်ထားကြံ့ခိုင် ပန်းတိုင် ချီတက် အောင်ပွဲဆက်****၊ ဦးသိန်းမြင့် (မောင်သီတာ-အသုတ်)၏* ***စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်****နှင့် မောင်ရန်နိုင်စိုးညွန့်(သုတမောင်)၏* ***ပြည်ရွာ ဤကမ္ဘာချစ်ပါက မူးယစ်ဆေးကို တိုက်ဖျက်ကြ****တို့က ရရှိကြသည်။*

တေးသီချင်းပြိုင်ပွဲ

တေးသီချင်းပြိုင်ပွဲတွင် ဒေါ်မေသန့်ရွှေ (ငယ်သန့်-သုခမ)၏ ***သွေးချင်းတို့ရဲ့ အဓိဋ္ဌာန်****တေးသီချင်းက ပထမ၊ ဝေလင်း (သုခမ)၏* ***မူးယစ်ကင်းစင် တို့ကျောင်းတစ်ခွင်*** *တေးသီချင်းက ဒုတိယ၊ ဥမ္မာမြတ်၏* ***သိမှတ်ဆင်ခြင် အမှန်မြင်*** *တေးသီချင်းက တတိယရရှိကြပြီး အထူးဆုများအဖြစ် မိုးမိုးအောင်၏* ***မူးယစ်ကိုပစ် ဘဝသစ်****၊ ဒေါ်ခင်မိုးထွေး(မိုးသူ-သုခမ)၏* ***ငရဲပန်းတစ္ဆေ ပပျောက်ရေးသို့****နှင့် ဦးရွှေဝင်း(မောင်နေမွန်)၏* ***မူးယစ်သည့်ဆေး အန္တရာယ်ပေး ယှဉ်တွေးချိန်ဆ ရှောင်ကြဉ်ကြ****တို့က ရရှိကြသည်။*

မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် မောင်ကောင်းဇော်ဟိန်း ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းက ပထမ၊ မခင်သဇင်ညွန့် အလက(၁)ဒဂုံက ဒုတိယ၊ မအိန္ဒြာယ်လင်း အထက(၂)လသာက တတိယရရှိကြပြီး အထူးဆုများအဖြစ် မနော်ခရစ္စတင်း အထက(၂)လသာ၊ မခင်ရတနာတင့် အမက(၃၀) လှိုင်နှင့် မဟန်နီစိုး အမက(၆) ကျောက်တံတားတို့က ရရှိကြသည်။

အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် မခိုင်မေသူ ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းက ပထမ၊ မနေဇင်နှင်းထက် အထက(၁)ဒဂုံက ဒုတိယ၊ မသင်းနဒီစိုး ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်ဉာဏ်လင်းထက်နိုင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၊ မနှင်းပွင့်ပွင့်ဖြူ အထက(၂)လသာနှင့် မမြယမုန် အထက(၂) လသာတို့က ရရှိကြသည်။

အထက်တန်းအဆင့်

အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် မပွင့်မြတ်သူ အထက(၂)လသာက ပထမ၊ မောင်ဇေမြတ်ဦး အထက(၂)သဃ်န်းကျွန်းက ဒုတိယ၊ မောင်အောင်ပိုင်စိုး အထက(၃)ပဲခူးက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်အောင်ရဲစိုး အထက(၄)တောင်ကြီး၊ မောင်ကျော်ဝင်းသူ အထက ပန်းတောင်းနှင့် မအိန္ဒြေစိန်ရတု အထက(၂)ဒဂုံတို့က ရရှိကြသည်။

မူလတန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် မသီရိအောင် အမက အလယ်ရပ် မိုးကောင်းက ပထမ၊ မောင်အောင်ပြည့် ဒေါ်တမမူလွန်(လှိုင်ကော်)က ဒုတိယ၊ မောင်အောင်ကိုကို အမက(၁၇) တောင်ဥက္ကလာက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်နေအောင်လင်း အမက(၁၇)တောင်ဥက္ကလာ၊ မပြည့်ဖြိုးဗိုလ် အထက(၁)ပဲခူးနှင့် မောင်ဟိန်းခန့်စည်သူ အမက(၂၄)ပုသိမ်တို့က ရရှိကြသည်။

အလယ်တန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် မခိုင်မေသူ ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းက ပထမ၊ မောင်သူရပိုင်စိုး အထက(၆)ပုသိမ်က ဒုတိယ၊ မသဲနေနွယ်စိုး အထက(၂)လသာက တတိယရရှိကြပြီး အထူးဆုများအဖြစ် မအေးမြတ်သိင်္ဂီ အပြည်ပြည်ဆိုင်ရာကျောင်း၊ မအေးမြတ်နိုးနွယ် အထက(၄)တောင်ကြီးနှင့် မဇွန်ပြည့်ဖြူ အထက(၂)မုံရွာတို့က ရရှိကြသည်။

အထက်တန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် မနှင်းနွယ်နွယ်အောင် အထက ကျောက်တန်းက ပထမ၊ မောင်အောင်သန်းဌေး ပန်းချီ ပန်းပုကျောင်း မန္တလေးက ဒုတိယ၊ မရွှေအိမ်စည် အထက(၂)လှိုင်သာယာက တတိယရရှိကြပြီး အထူးဆုများအဖြစ် မဝေရည်ကျော် အထက(၁)ရေစကြို၊ မောင်ကောင်းထက်ကျော် အထက(၅)တာမွေနှင့် မောင်စိုးသိုက်အောင် အထက(၁)တောင်ငူတို့က ရရှိကြသည်။

မူလတန်းအဆင့် ပိုစတာပြိုင်ပွဲတွင် မခင်သဇင်ညွန့် အလက(၁) ဒဂုံကပထမ၊ မောင်ကောင်းဇော်ဟိန်း ရန်ကင်းပညာရေး ကောလိပ်လေ့ကျင့်ရေးကျောင်းက ဒုတိယ၊ မသက်ထားဆွေဇင် အမက(၁၈) တာမွေက တတိယရရှိကြပြီး အထူးဆုများအဖြစ် မနော်ခရစ္စတင်း အထက(၂) လသာ၊ မောင်မျိုးဟိန်းကျော် အထက(၃)ပဲခူးနှင့် မောင်ရဲထွဋ်ကျော် အမက(၁)လှိုင်တို့က ရရှိကြသည်။

အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် မနေဇင်နှင်းထက် အထက(၁) ဒဂုံက ပထမ၊ မခိုင်မေသူ ရန်ကင်းပညာရေး ကောလိပ်လေ့ကျင့်ရေးကျောင်းက ဒုတိယ၊ မသင်းနဒီစိုး ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းက တတိယရရှိကြပြီး အထူးဆုများအဖြစ် မတွယ်တာလမင်းအောင် အထက(၂)ဒဂုံ၊ မောင်ဉာဏ်လင်းထက်နိုင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းနှင့် မအေးချမ်းမေ အထက(၁)မိုးကောင်းတို့က ရရှိကြသည်။ အထက်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် မသီရိနန္ဒာရွှေဝါဘုန်း အထက(၁၇) မန္တလေးကပထမ၊ မပွင့်မြတ်သူ အထက(၂)လသာက ဒုတိယ၊ မနှင်းနွယ်နွယ်အောင် အထက(၂)ကျောက်တန်းက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်ကောင်းထက်ကျော် အထက(၅)တာမွေ၊ မအိပွင့်ဖြူ အထက(၂)လသာနှင့် မရွှေအိမ်စည် အထက(၂) လှိုင်သာယာတို့က ရရှိကြသည်။

အလယ်တန်းအဆင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲတွင် မောင်သီဟသွေး အထက(၆)ဗိုလ်တထောင်က ပထမ၊ မနန်းခမ်းမိန် အထက(၁)ပန်းဘဲတန်းက ဒုတိယ၊ မောင်စည်သူသန်းဝင်း အလက(၄)မကွေးက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်မင်းထက်ရှိန် အထက(၁)လမ်းမတော်၊ မောင်ကျော်စိုးဟန် အထက(၃)ပဲခူးနှင့် မခင်ထက်ထက်ကျော် အထက(၂)စစ်တွေတို့က ရရှိကြသည်။

အထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် မမေဇင်အောင် အထက(၁) လမ်းမတော်က ပထမ၊ မဝင်းသန့်သန့် အထက(၂) ဗဟန်းက ဒုတိယ၊ မဟံသာသာ အထက(၁)ပန်းဘဲတန်းက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်သူရပိုင်စိုး အထက(၆)ပုသိမ်၊ မောင်အောင်ပိုင်စိုး အထက(၃)ပဲခူးနှင့် မနေကြည်သန်းဝင်း အထက(၁)မကွေးတို့က ရရှိကြသည်။

အလွတ်တန်းအဆင့်

အလွတ်တန်းအဆင့် ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် မောင်စိုင်းစိုးလှိုင် ရှမ်းပြည်နယ်(အရှေ့)က ပထမ၊ မမြတ်ဇင်မာအေး မွန်ပြည်နယ်က ဒုတိယ၊ မဆုဝေဖြိုး ရှမ်းပြည်နယ်(အရှေ့)က တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်သူရပိုင်စိုး ဧရာဝတီတိုင်း၊ မောင်မြင့်ဆွေ ဧရာဝတီတိုင်းနှင့် မောင်အောင်မြင့်မြတ် ရှမ်းပြည်နယ်(အရှေ့)တို့က ရရှိကြသည်။

အလွတ်တန်းအဆင့် ဓာတ်ပုံပြိုင်ပွဲတွင် အောင်ကျော်ထွန်း(ပုသိမ်ကြီး)က ပထမ၊ လှိုင်သန်းတင့်(ရွှေပန်းချီ)က ဒုတိယ၊ မောင်ငယ်(ကမ္ဘောဇ)က တတိယရရှိကြပြီး အထူးဆုများအဖြစ် လှိုင်သန်းတင့်(ရွှေပန်းချီ)နှင့် တင့်ဆွေဦး(တောင်ကြီး)တို့က ရရှိကြကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် နဝမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားသို့

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို

ရန်ကုန် ဇွန် ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဝရဒါဌာစာတုစေတီယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)အနီးရှိ သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၌ကျင်းပသည့် နဝမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်၊ ပါမောက္ခမဟာဌာနမှူး ဆရာတော်နှင့် သင်ကြား ဆရာတော်များ၊ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးသူရဦးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် ဆရာ ဆရာမများ၊ ပြည်တွင်းပြည်ပမှ ဘွဲ့ခံသံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသက အဓိဋ္ဌာန်ကို မေးတော်မူရာ ဘွဲ့ခံသံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက ဖြေကြားကြသည်။

ပေးအပ်

ယင်းနောက် ပါမောက္ခချုပ် ဆရာတော်က မဟာဝိဇ္ဇာ(ဗုဒ္ဓ၊ ဓမ္မ) ဘွဲ့ရ ပြည်တွင်း/ ပြည်ပမှသံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ၊ ဝိဇ္ဇာ(ဗုဒ္ဓ၊ ဓမ္မ)ဘွဲ့ရ ပြည်တွင်း/ပြည်ပမှ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား ဘွဲ့လက်မှတ်နှင့် အဆောင်အယောင်များကို ပေးအပ်သည်။ ထို့နောက် ပါမောက္ခချုပ် ဆရာတော်က ဘွဲ့မှတ်တမ်း၌လက်မှတ် ရေးထိုးတော်မူသည်။

မြွက်ကြား

ယင်းနောက် ပါမောက္ခချုပ် ဆရာတော်က ဩဝါဒကထာမြွက်ကြားတော်မူပြီး အခမ်းအနားကို ဗုဒ္ဓသာသန် စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၃-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၃၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၄၀	၄။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၅၀	၅။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၅	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၁၅	၈။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၂၅	၉။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၆း၃၅	၁၄။	Mail Box
၆း၄၅	၁၅။	ကာတွန်းအစီအစဉ် **စွန့်စားသူတို့ ပျော်စံရာ** (အပိုင်း-၂၃)
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၂၂)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	အိုင်စီတီသုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	**၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(Live) ဆလိုဗေးနီးယားနှင့် အင်္ဂလန်**

၂၄-၆-၂၀၁၀(ကြာသပတေးနေ့)

နံနက်ပိုင်း

၁း၀၀	၁။	**၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) ဂါနာနှင့် ဂျာမနီ**

လာအိုပြည်သူ့ဒီမိုကရက်တစ်သ

ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဥပ္ပါတ

နေ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြား
နေပြည်တော်၌ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်
ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညရနာရီ
တွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ လာအို
ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်၊ ပြည်ထောင်စု
နိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr.
A.SOUPHAKHET နှင့် တာဝန်ရှိသူများလိုက်ပါလျက် နေပြည်တော်၌ တည်ထားကိုးကွ
ရှိသည့် ဥပ္ပါတသန္တိစေတီတော်သို့ရောက်ရှိကြရာ သာသနာရေးဝန်ကြီးဌာန ဒုတိယ
သူရဦးအောင်ကိုနှင့် စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဥပ္ပါ
စေတီတော် လိုဏ်တော်အတွင်းရှိ ဖွား၊ ပွင့်၊ ဟော၊ စံ မြန်မာ့ကျောက်ထွင်းပန်းချီများ၊ လို

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာဖိုရမ်မှ ပြန်လည်ရောက်ရှိ

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဦးသိန်းအောင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသော ဒုတိယအကြိမ် အရှေ့အာရှဒေသ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဖိုရမ်သို့ တက်ရောက်ဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၂

ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဦးသိန်းအောင်သည် ဇွန် ၁၆ရက်တွင်ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ The Shilla ဟိုတယ်၌ ကျင်းပသော ဒုတိယအကြိမ် အရှေ့အာရှဒေသ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဖိုရမ်သို့ တက်ရောက်ခဲ့သည်။

သဝဏ်လွှာပေးပို့

အဆိုပါ ဖိုရမ်တွင် ရှေးဦးစွာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက ဗီဒီယိုဖြင့် သဝဏ်လွှာပေးပို့ဖတ်ကြားသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံသမ္မတMr. Lee Myung-bak က အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ဖိုရမ်သို့ အရှေ့အာရှ ၁၅ နိုင်ငံမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂ၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်များနှင့် သုတေသီများ တက်ရောက်ကြသည်။

ဆွေးနွေးပြောကြား

ဝန်ကြီး ဦးသိန်းအောင်သည် မြန်မာနိုင်ငံ၏ ရေရှည်စီးပွားရေး ဖွံ့ဖြိုးရေးတိုးတက်မှု လုပ်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးစေရန် ကာဗွန်ထုတ်လွှတ်မှုလျော့နည်းစေရန်နှင့် ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေဖြစ်စေရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။

ဝန်ကြီး ဦးသိန်းအောင်သည် ဆိုးလ်မြို့၌ရှိနေစဉ် ဝန်ကြီးအား ကိုရီးယားအစိုးရ သစ်တောဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Yeong Jeun Yoon က လာရောက်တွေ့ဆုံ၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများနှင့် နှဂစ်ဒေသ ဒီရေတောစိုက်ခင်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းစီမံကိန်းများ ရေးဆွဲထားပြီးဖြစ်၍ အဆိုပါဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးရေးကိစ္စတို့ကို ဆွေးနွေးကြသည်။

ကြည့်ရှုလေ့လာ

ဝန်ကြီးသည် ဇွန် ၁၅ရက်တွင် Daewoo ကုမ္ပဏီဥက္ကဋ္ဌ Mr. Jae Yong Kim က တည်ခင်းဧည့်ခံသော ဂုဏ်ပြုနေ့လယ်စာစားပွဲသို့တက်ရောက်ခဲ့ပြီး Incheon ရှိ Dongwha သစ်အခြေခံစက်ရုံသို့ သွားရောက်လေ့လာကာ အိမ်တွင်းအလှပြင်ဆင်မှုနှင့် ပရိဘောဂအတွက် သစ်ဘုတ်ပြားထုတ်လုပ်မှုကို ကြည့်ရှုလေ့လာခဲ့သည်။

ဝန်ကြီးသည် ဇွန်၁၇ရက် နံနက်တွင် Gwangueung ဒေသရှိ Korea National Arboretum အမျိုးသား ရုက္ခဗေဒဥယျာဉ်သို့ သွားရောက်၍ ပြသထားသော ပြခန်းများ၊ သဘာဝတောများ၊ စိုက်ခင်းများကို လေ့လာခဲ့ပြီး တာဝန်ရှိသူများနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မှု အခွင့်အလမ်းများကို ဆွေးနွေးခဲ့သည်။

ပြန်လည်ရောက်ရှိ

ဝန်ကြီးနှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူး ဒေါက်တာစန်းဝင်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝင်းမြင့်တို့ လိုက်ပါသွားကြပြီး ဇွန်၁၈ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီ စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၀ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် မဟော်ဂနီပင်ကို စိုက်ပျိုးပေးစဉ်။ (စွမ်းအင်)

စွမ်းအင်ဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ

ဝန်ကြီးဦးလွန်းသီ တက်ရောက်သစ်ပင်စိုက်ပျိုးပေး

နေပြည်တော် ဇွန် ၂၂

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၀ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၂ရက် နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနရုံး၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီ တက်ရောက်အားပေးပြီး မဟော်ဂနီပင်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးသန်းဌေးက ပိတောက်ပင်ကိုလည်းကောင်း သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဝန်ကြီးသည် စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ လုပ်ငန်းဌာနများမှ ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှု၊ ယခင်စိုက်ပျိုးထားသည့် သစ်ပင်များအား မြေဆွပေါင်းသင် မြေတောင်မြှောက်နေမှု တို့ကို ကြည့်ရှုအားပေးသည်။

စိုက်ပျိုးထား

စွမ်းအင်ဝန်ကြီးဌာန၏ သတ်မှတ်နယ်မြေ ဧရိယာအတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် ၂၀၀၆ခုနှစ်မှ စတင်၍ နှစ်ရှည် အရိပ်ရလေကာပင်များ၊ နှစ်ရှည်သီးပင်စားပင်များနှင့် ပန်းအလှပင်များ စုစုပေါင်းအပင်ရေ ၄၆၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီးဖြစ်ရာ ယခုပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပျဉ်းမ၊ အသောက၊ ကုက္ကို၊ စိန်ပန်းကြီး၊ ကံ့ကော်၊ ခရေ၊ ပိတောက်၊ တည်ပင်၊ မဲဇလီ၊ ငုရွှေဝါ၊ ရေတမာ၊ သရက်၊ ပိန္နဲ၊ မန်ကျည်း၊ တမာ၊ သဘော်နှင့် မာလကာ စသည့် အပင်မျိုးစုံ ၄၀၀၀ ကျော် စိုက်ပျိုးခဲ့ကြသဖြင့် စုစုပေါင်းအပင် ၅၀၀၀၀ ကျော် စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဆင့်မြင့် ပညာဦးစီးဌာန ကာယဗလမောင်နှင့် ကာယအလှမယ် ပြိုင်ပွဲကျင်းပမည်

နေပြည်တော် ဇွန် ၂၂

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနများရှိ ပညာရေးကောလိပ်များ၏ ကာယဗလမောင်နှင့် ကာယအလှမယ်(အကြီးတန်း) ပြိုင်ပွဲကို ဇွန် ၂၇ရက်မှ ၂၈ရက်အထိ မန္တလေးမြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် ၂၀၁၀ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်မှ ကာယဗလမောင် ၃၀နှင့် ကာယအလှမယ် ၃၀တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ကျန်းမာရေးရာ

ကလေးနို့တိုက် မိခ
နှလုံးရောဂါဖြစ်ပွားခြင်းမှ

ပစ္စဘတ် ဇွန် ၂၂

ကောင်း

မိခင်နို့တိုက်ကျွေးသော ကလေးမိခင်များသည် နှလုံးရောဂါနှင့် လေဖြတ်ခြင်းတို့မှ အထိုက်အလျောက်ကာကွယ်ပေးနိုင်ကြောင်း အမေရိကန်သုတေသီများက လေ့လာတင်ပြထားသည်။

တစ်နှစ်ကျော်ကြာ မိခင်နို့ချိုတိုက်ကျွေးသော ကလေးမိခင်များသည် မိခင်နို့မတိုက်ကျွေးသည့် ကလေးမိခင်မျ
နှလုံးရောဂါနှင့် လေဖြတ်ခြင်းတို့မှ ၁၀ ရာခိုင်နှုန်
တွေ့ရကြောင်း ပစ္စဘတ်တက္ကသိုလ်မှ သု
ဒေါက်တာဘင်လာရှဝပ်က ပြောကြားသည်။

ကျေးဇူးများရနိုင်

မိခင်နို့တစ်လကြာ တိုက်ကျွေးသော ကလေ
အတွင်း ကိုလက်စထရောများ လျော့နည်းစေ
စေခြင်း စသောအကျိုးကျေးဇူးများရနိုင်ကြောင်
ကဆိုသည်။

ကျန်းမာရေးကောင်း

မိခင်နို့ချိုတိုက်ကျွေးခြင်းဖြင့် ကလေးအာ
ဖွံ့ဖြိုးစေ၍ မိခင်ရောကလေးပါ ကျန်းမာရေးကော
ထို့အပြင် မိခင်နို့တိုက်ကျွေးသော ကလေ
ခေါင်းကင်ဆာ၊ ရင်သားကင်ဆာနှင့် အရိုးပွရော
ပေးနိုင်ကြောင်း သုတေသနအဖွဲ့က လေ့လာ

နေပြည်တော်တပ်ကုန်း အထွေထွေအုပ်ချ
မိသားစု သားသမီးများ၏ အထက်တန်း၊
ကျောင်းသား ကျောင်းသူ ၃၅ဦးတို့အတွက် ၂
ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂
အဝေးခန်းမ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်
ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ကျော

...လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဦးဆောင်သော ...ရေးကိုယ်စားလှယ်အဖွဲ့ ဥပ္ပါတသန္တိစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညို

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဥပ္ပါတသန္တိစေတီတော်လိုဏ်တော်အတွင်း လှည့်လည်ကြည်ညိုစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၂

...နိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ...သာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ...သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေခရီ ၁၅မိနစ် ...ရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ လာအိုပြည်သူ့ ...ိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်၊ ပြည်ထောင်စု မြန်မာ ...ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Kouily ...တာဝန်ရှိသူများလိုက်ပါလျက် နေပြည်တော်၌ တည်ထားကိုးကွယ်လျက် ...တော်သို့ရောက်ရှိကြရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ...တော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။ ...သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဥပ္ပါတသန္တိ ...င်းရှိ ဖွား၊ ပွင့်၊ ဟော၊ စံ မြန်မာ့ကျောက်ထွင်းပန်းချီများ၊ လိုဏ်တော် မျက်နှာကြက်တော်ရှိ သစ္စာလေးပါးတရားတော်တို့ကို လှည့်လည်ကြည်ညိုကြပြီး စေတီတော်လိုဏ်တော်အတွင်း အရှေ့အရပ်မျက်နှာ၌ရှိသော မဟာမဏိမယဂေါတမဗုဒ္ဓရတနာကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းတို့ကို ကပ်လှူပူဇော်ကြသည်။

လှည့်လည်ကြည်ညို

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းက စေတီတော်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး စေတီတော်အတွက် အလှူငွေများပေးအပ်ရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသူရဦးအောင်ကိုက လက်ခံ၍ စေတီတော်ပုံတူ ကျောက်စီပန်းချီကားနှင့် ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး မှတ်တမ်းဗီဒီယိုတို့ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ကာ ဧည့်သည်တော် လာအိုဝန်ကြီးချုပ်နှင့်အဖွဲ့သည် စေတီတော်အား လက်ယာရစ် လှည့်လည်ကြည်ညိုကြသည်။ **(သတင်းစဉ်)**

ဥရုဂွေးနှင့် မက္ကဆီကို နောက်တစ်ဆင့်တက်ပြီး အိမ်ရှင်တောင်အာဖရိကနိုင်သော်လည်း ပြိုင်ပွဲမှထွက်ရ

မြင့်မောင်စိုး စုစည်းရေးသားပြီး လဲ့လဲ့ဝင်း(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

ဂျိုဟန်နစ္စဘတ် ဇွန် ၂၂

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များ ဇွန် ၂၂ရက် ညပိုင်းတွင် တောင်အာဖရိက၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ အုပ်စု(က)မှ ဥရုဂွေးအသင်းက မက္ကဆီကိုနိုင်ပြီး အုပ်စုပထမဖြင့် နောက်တစ်ဆင့် ၁၆သင်းပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ယင်းအုပ်စုမှ ပြင်သစ်နှင့် အိမ်ရှင်တောင်အာဖရိကတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် တောင်အာဖရိကအသင်းက အနိုင်ရခဲ့သော်လည်း နှစ်သင်းစလုံး ပြိုင်ပွဲမှ ထွက်သွားကြရသည်။

မက္ကဆီကိုနှင့် ဥရုဂွေးတို့သည် ရူစတင်ဘတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်သည်။ ပွဲစဉ်တစ်လျှောက်လုံး မက္ကဆီကိုက ဥရုဂွေးကို ဖိအားပေး ကစားနိုင်ခဲ့သည်။ သို့သော် မက္ကဆီကို တိုက်စစ်မှူးများ အပိုင်ကန်သွင်းခွင့်များ ဆုံးရှုံးခဲ့သဖြင့် ချေပဂိုးနှင့်လွဲခဲ့ရသည်။ ဥရုဂွေးအသင်း၏ တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်းပွဲပြီးရန် နှစ်မိနစ်အလိုတွင် ဖော်လန်က ညာတောင်ပံမှ မက္ကဆီကို ဂိုးရှေ့သို့ အမြောက် ကန်တင်လိုက်

တောင်အာဖရိကအသင်းအတွက် အနိုင်ဂိုးကို အမ်ဖီလာက ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

သော ဘောလုံးကို ဆွာယာရက်ဇ်က အရှိန်ပြင်းပြင်း ခေါင်းတိုက်ယူလိုက်သဖြင့် မက္ကဆီကို ဂိုးသမား ပြင်ဆင်ချိန်မရလိုက်ဘဲ ဂိုးဝင်သွားခဲ့သည်။

ဒုတိယပိုင်းတွင် မက္ကဆီကိုကစားသမားများ တစ်ချိန်လုံး ဥရုဂွေးနောက်တန်းကို စိုးမိုးကစားခဲ့သည်။ မက္ကဆီကို တိုက်စစ်မှူးများ နှစ်ကြိမ်တိုင်တိုင် အပိုင်ကန်သွင်းဘောများ လွဲချော်ခဲ့သဖြင့် ချေပဂိုးမရဘဲ ပွဲသိမ်းခဲ့ရသည်။ သို့သော် မက္ကဆီကို အသင်းသည် အုပ်စု ဒုတိယဖြင့် နောက်တစ်ဆင့် ၁၆ သင်းပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ယှဉ်ပြိုင်ကစား

နာမည်ကြီး ပြင်သစ်နှင့် အိမ်ရှင်တောင်အာဖရိကအသင်းတို့ ဖရီးစတိတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အိမ်ရှင်တောင်အာဖရိကအသင်းက ပွဲစသည်နှင့် တစ်ဟုန်ထိုး တိုက်စစ်အရှိန်မြှင့် ကစားခဲ့သည်။ ပွဲစပြီး မိနစ် ၂၀အကြာ ကူမာလိုက တောင်အာဖရိကအသင်းအတွက် အဖွင့်ဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၂၆မိနစ်တွင် ပြင်သစ်အသင်းမှ ဂေါကတ်ဖ်ကြမ်းတမ်းစွာကစားခဲ့၍ အနီကတ်ဖြင့် ထွက်ခဲ့ရသည်။ ပြင်သစ်အသင်း၏ အားနည်းမှုကို အခွင့်ကောင်းယူ၍ တောင်အာဖရိကတို့ ဖိကစားခဲ့ရာ ပွဲချိန် ၃၇မိနစ်တွင် အမ်ဖီလာက တောင်အာဖရိကအသင်းအတွက် ဒုတိယ အနိုင်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ပြင်သစ်အသင်းအတွက် ချေပဂိုးကိုမူ ပွဲချိန်မိနစ် ၇၀တွင် မာလူဒါက သွင်းယူခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်တောင်အာဖရိကအသင်းမှာ အနိုင်ရသော်လည်း ဂိုးကွာခြားချက်ဖြင့် ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ။

အုပ်စု (က) အသင်းများရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁။	ဥရုဂွေး	၃	၂	၁	၀	၇
၂။	မက္ကဆီကို	၃	၁	၁	၁	၄
၃။	တောင်အာဖရိက	၃	၁	၁	၁	၄
၄။	ပြင်သစ်	၃	၀	၁	၂	၁

ကိုးကား-အင်တာနက်

လာရောက်တွေ့ဆုံ

နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖယ်ဂျ်ကိုဘော့စ်ညက် လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီးလာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖယ်ဂျ်ကိုဘော့စ်ညက်သည် ယနေ့ မွန်းလွဲ ၂နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

ကလေးနို့တိုက် မိခင်များ နှလုံးရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်

ပစ္စဘတ် ဇွန် ၂၂

ကောင်းမြတ်သူ-ရေးသားသည်

မိခင်နို့တိုက်ကျွေးသော ကလေးမိခင်များသည် နှလုံးရောဂါနှင့် လေဖြတ်ခြင်းတို့မှ အထိုက်အလျောက်ကာကွယ်ပေးနိုင်ကြောင်း အမေရိကန်သုတေသီများက လေ့လာတင်ပြထားသည်။

တစ်နှစ်ကျော်ကြာ မိခင်နို့ချိုတိုက်ကျွေးသော ကလေးမိခင်များသည် မိခင်နို့မတိုက်ကျွေးသည့် ကလေးမိခင်များနှင့် နှိုင်းယှဉ်ကြည့်လျှင် နှလုံးရောဂါနှင့် လေဖြတ်ခြင်းတို့မှ ၁၀ ရာခိုင်နှုန်းလျော့နည်းလျက်ရှိသည်ကို တွေ့ရကြောင်း ပစ္စဘတ်တက္ကသိုလ်မှ သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာဘင်လာရှဝပ်က ပြောကြားသည်။

ကျေးဇူးများရနိုင်

မိခင်နို့တစ်လကြာ တိုက်ကျွေးသော ကလေးမိခင်များတွင် ခန္ဓာကိုယ်အတွင်း ကိုလက်စထရောများ လျော့နည်းစေခြင်း၊ သွေးတိုးနှုန်းနည်းပါးစေခြင်း စသောအကျိုးကျေးဇူးများရနိုင်ကြောင်း ဒေါက်တာဘင်လာရှဝပ်ကဆိုသည်။

ကျန်းမာရေးကောင်း

မိခင်နို့ချိုတိုက်ကျွေးခြင်းဖြင့် ကလေးအား ခန္ဓာကိုယ်ကြီးထွားမှုပိုမိုဖွံ့ဖြိုးစေ၍ မိခင်ရောကလေးပါ ကျန်းမာရေးကောင်းစေနိုင်သည်ဟုဆိုသည်။

ထို့အပြင် မိခင်နို့တိုက်ကျွေးသော ကလေးမိခင်များသည် သားအိမ်ခေါင်းကင်ဆာ၊ ရင်သားကင်ဆာနှင့် အရိုးပွရောဂါတို့ကိုလည်း ကာကွယ်ပေးနိုင်ကြောင်း သုတေသနအဖွဲ့က လေ့လာတွေ့ရှိထားသည်။

အင်တာနက်

နေပြည်တော်တပ်ကုန်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစု သားသမီးများ၏ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသား ကျောင်းသူ ၃၅ဦးတို့အတွက် ၂၀၁၀-၂၀၁၁ပညာသင်စရိတ်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၁ရက်က အဆိုပါရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးနေအောင်က ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်စဉ်။ (၁၁၁)

အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေးနှိုးဆော်ချက်

အသည်းရောင်အသားဝါရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးများလည်းပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့်တစ်ဦးသွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံစသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကိုသတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုး ဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သောသွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း စစ်တွေ-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရထားလမ်းပိုင်းအချို့ပျက်စီးမှုများ ပြန်လည်ပြင်ဆင်လျက်ရှိ

နေပြည်တော် ဇွန် ၂၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်မင်းသည် ဇွန် ၁၉ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် စစ်တွေ-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရထားလမ်းပိုင်းနေရာအချို့တွင် မြေသားပဲ့ကျ ဖုံးလွှမ်းမှု၊ တာပေါင်ရေတိုက်စားမှုတို့ကို ကြည့်ရှုစစ်ဆေးရန် ကွမ်းတောင်ဘူတာမှထွက်ခွာလာရာ ရှေးဦးစွာ ကွမ်းတောင်ဘူတာနှင့် ပုဏ္ဏားကျွန်းဘူတာအကြားရှိ ကင်းချောင်း ချောင်းဖြတ်တာပေါင် ကြွခိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုဏ္ဏားကျွန်းဘူတာသို့ ရောက်ရှိပြီး ပုဏ္ဏားကျွန်းဘူတာနှင့် ယိုးတရုတ်ဘူတာအကြားရှိ မိုင်တိုင်အမှတ် (၆/၂)တွင် ရေတိုက်စားမှုကြောင့် ယိုယွင်းသွားသော သံလမ်းဇလီဖားများ၌ ကျောက်ဖြည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ ဆမ္မတီးကျေးရွာအနီး ချောင်းဖြတ် ရထားလမ်းရှိ မိုင်တိုင်အမှတ် (၇/၅)တွင် ရေစီးကြောင်းနှင့်ထူးပေါက်များကိုပိတ်ဆို့၍ သဲအိတ်ချရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ကျောက်ဆိပ်တောင်ရွာအနီး မိုင်တိုင်အမှတ်(၉/၀)တွင် ကျောက်ဆိပ်တောင်ကမ်းပါးမှ မြေသားပြိုကျပြီး ရထားလမ်း ပိတ်ဆို့နေမှုအား မြန်မာ့မီးရထားဝန်ထမ်းများနှင့် သံလမ်းလုပ်သားများက ဖယ်ရှားရှင်းလင်းနေမှုကိုလည်းကောင်း၊ သရက်ချိုရွာအနီးရှိ မိုင်တိုင်အမှတ် (၁၄/၀)တွင် သရက်ချိုတောင် မြေသားပဲ့ကျ လမ်းပိုင်းပိတ်ဆို့နေမှုကို စက်ယန္တရားများဖြင့် ရှင်းလင်းဖယ်ရှားနေမှုကိုလည်းကောင်း၊ အောင်ဖြူပြင်ဘူတာနှင့် ပုဏ္ဏားကျွန်းဘူတာအကြားရှိ မိုင်တိုင်အမှတ် (၁၄/၁)နှင့် (၁၄/၂)အကြားတွင် မြေသားပဲ့ကျပိတ်ဆို့နေမှုကို စက်ယန္တရားများဖြင့် ရှင်းလင်းနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အောင်ဖြူပြင်ဘူတာနှင့် ယိုးတရုတ်ဘူတာအကြား၌ ကျောက်တောင်မှ ကျောက်များ ပဲ့ကျပိတ်ဆို့နေမှုကို သံလမ်းလုပ်သားများနှင့် မီးရထားဝန်ထမ်းများက ရှင်းလင်းဖယ်ရှားနေမှု၊ ပန်းနီလာရွာအနီး မိုင်တိုင်အမှတ် (၁၆/၁)၌ သံလမ်းနှင့်ဇလီဖားအကြား ကျောက်များ ပြန်လည်ဖြည့်နေမှု၊ ကြံခင်းရွာအနီး မိုင်တိုင်အမှတ်(၁၈/၁)နှင့်(၁၈/၂) အကြား လမ်းပိုင်း၌ မြေသားပြိုကျမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဇွန် ၂၀ရက် နံနက်ပိုင်းတွင် စစ်တွေဘူတာနှင့် စစ်တွေတက္ကသိုလ်ဘူတာအကြား မိုင်တိုင် အမှတ် (၄/၁၅)နှင့် (၄/၁၈)တွင် ရထားလမ်းတာပေါင်များ၌ ရေစီးကြောင်းနှင့် ထူးပေါက်နေရာများ ဖြစ်ပေါ်နေမှုကို သဲအိတ်ချပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဒါးပိုင်ရပ်စခန်းဘူတာအနီး မိုင်တိုင်အမှတ် (၅/၀)နှင့်(၇/၀)အကြားတွင် စက်ယန္တရားများဖြင့် ရထားလမ်းတာပေါင် မပျက်စီးစေရေး ကာကွယ်ထိန်းသိမ်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြိုးပမ်းဆောင်ရွက်

ရခိုင်ပြည်နယ်အတွင်း ဇွန်၁၃ရက်မှ ၁၅ ရက်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စစ်တွေ-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်း နေရာအချို့ တာပေါင်ရေတိုက်စားမှု၊ မြေသားဖုံးလွှမ်းမှုကြောင့် ရထားပြေးဆွဲမှု ခေတ္တရပ်ဆိုင်းခဲ့ရပြီး လမ်းပိုင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ် ရထားပြေးဆွဲနိုင်ရေးနှင့် ပြည်သူလူထု လုံခြုံစိတ်ချရစွာ အန္တရာယ်မရှိ စီးနင်းသွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားက အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တီဘီရောဂါကုသအောင်မြင်မှု အခမ်းအနား ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်

ရန်ကုန် ဇွန် ၂၂

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ယမန်နေ့နံနက် ၁၁နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းရင်းဆေးဖြင့် တီဘီရောဂါကုသမှု သုတေသနပြု အောင်မြင်မှုတင်ပြခြင်းအခမ်းအနားသို့ တက်ရောက်၍ တိုင်းရင်းဆေး သုတေသန လုပ်ငန်း၏ အောင်မြင်မှုရလဒ်များဖြင့် ပြည်သူများအတွက် အရေးကြီးသော ရောဂါအများအပြားကို ကုသပေးနိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မှ ညွှန်ကြားရေးမှူး ဒေါက်တာသော်ဇင်က တီဘီရောဂါကုသရေးတွင် တိုင်းရင်းဆေးဖြင့် သုတေသနပြု အောင်မြင်မှုများကို တင်ပြသည်။

ဆွေးနွေး

အဆိုပါ အခမ်းအနားသို့ ဆေးသုတေသနဦးစီးဌာနများမှ သုတေသီများ၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးရုံကြီးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့မှ သုတေသီ ဆရာဝန်ကြီးများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ခေတ္တအကြံပေးပုဂ္ဂိုလ် Dr. Urmila M. Thatte တို့ တက်ရောက်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ရပ်ကွက် (၁) ထီးလှိုင်လမ်းပေါ်ရှိ သစ်သားတံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဇွန်၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး မှော်ဘီမြန်မာ့ဆန်စပါးသုတေသန၌ ဆွေးနွေး

ရန်ကုန် ဇွန် ၂၂

၂၀၁၀-၂၀၁၁ခုနှစ် သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဆွေးနွေးပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့ မြန်မာ့ဆန်စပါးသုတေသနဌာနတွင် ဇွန် ၂၀ရက် နံနက် ၁၀နာရီက ကျင်းပသည်။

တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ မြန်မာ့ဆန်စပါးသုတေသနဌာနမှ ဒေါက်တာ ရဲတင့်ထွန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်းမှ ဒုတိယတိုင်းမန်နေဂျာများ၊ ရန်ကုန်မြောက်ပိုင်းခရိုင်မှ ခရိုင်နှင့် မြို့နယ်မန်နေဂျာများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ဆွေးနွေးပွဲတွင် အထွေထွေမန်နေဂျာ ဦးလှကြီးက **(အပေါ်ဝဲပုံ)** စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေး၊ သုံးနှစ်လျှင်တစ်ကြိမ် သွေးသစ်လောင်းမျိုး ပြောင်းလဲစိုက်ပျိုးရေး၊ ဆန်ခါပိုက်ဖြင့် ပျိုးထောင်စိုက်ပျိုးရေး၊ ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ သီးနှံများ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်ရေး၊ ယူရီးယား(ပုလဲ) ဓာတ်မြေသြဇာကို အလေအလွင့်နည်းအောင် နွားချေးဖြင့် ရောနှောကြဲပက်ရေး၊ တီကျစ်စာ မြေသြဇာများ ထုတ်လုပ်သုံးစွဲရေးနှင့် စပါးပန်းပွင့်ချိန်တွင် ယူရီးယား-လက်ချားရောနှော ပက်ဖျန်းရေးတို့ကို ဆွေးနွေးမှာကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ကချင်ပြည်နယ် မိခင်/ကလေးကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်း

မြစ်ကြီးနား ဇွန် ၂၂

ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး (ခရိုင်အလိုက်) ထပ်ဆင့်ရှင်းလင်းပွဲကို မေ ၂၁ရက် နံနက် ၉ နာရီက ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်မော်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၉ခုနှစ် ရသုံးငွေစာရင်းအား ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်လီလီသိန်းက ဖတ်ကြားရှင်းလင်းသည်။ ဆက်လက်ပြီး ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်ခင်အေးမြင့်က အစီရင်ခံစာများနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထောက်ပံ့ငွေများပေးအပ်

ထို့နောက် မြစ်ကြီးနားခရိုင်၊ မြို့နယ်များမှ ရာသက်ပန်အသင်းဝင်အဆိုပြုလွှာများပေးအပ်ရာ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်မော်က လက်ခံယူပြီး မြစ်ကြီးနားခရိုင် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလွင်ထံသို့ ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးသတ်ရေကန်အတွင်း ရေစုဆောင်းခြင်း၊ ဆိုင်ခန်းများတွင် လျှပ်စစ်မီးများ စနစ်တကျသွယ်တန်းထားခြင်းနှင့် မီးဘေးကြိုတင်သရုပ်ပြလေ့ကျင့်ခြင်းများကို မီးသတ်ဦးစီးဌာန ပြည်နယ်မှူး၊ ဈေးမိ ဈေးဖများ၊ ဈေးကော်မတီဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ နှိုးဆော်ချက်

နေပြည်တော် ဇွန် ၂၂

၁။ **ကမ္ဘာတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု။** ၂၀၀၃ ခုနှစ်မှ ၂၀၁၀ခုနှစ် ဇွန်လ ၁၈ ရက်အထိ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသော နိုင်ငံပေါင်း (၆၃) နိုင်ငံရှိပြီး ၂၀၁၀ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံအပါအဝင် နိုင်ငံ (၁၆) နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားကြောင်း သိရှိရသည်။

(ခ) **လူသို့ကူးစက်ဖြစ်ပွားမှု။** ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ခုနှစ် ဇွန်လ ၈ရက်အထိ နိုင်ငံ (၁၅) နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှု ၄၉၉ဦး ရှိပြီး ၂၉၅ ဦး သေဆုံးကြောင်း သိရှိရသည်။

၂။ **မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းမှု။** မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ သုံးကြိမ် ဖြစ်ပွားခဲ့သည်။ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့တွင်လည်းကောင်း၊ မတ်လတွင် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်တွင်လည်းကောင်း ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့ရာ ရောဂါထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ ဆောင်ရွက်ခဲ့သဖြင့် အခြားဒေသများသို့ ကူးစက်မှုမရှိအောင် ထိန်းချုပ်နိုင်ခဲ့သည်။ အဆိုပါ ဖြစ်ပွားမှုနောက်တွင် ယနေ့အထိ မြန်မာနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ထပ်မံကျရောက်ဖြစ်ပွားမှု မရှိခဲ့ပါ။ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှုနှင့် ထပ်မံဖြစ်ပွားမှုမရှိသော အခြေအနေများကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)နှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)တို့သို့ အကြောင်းကြားပြီးဖြစ်သည်။

၃။ **ရောဂါကြိုတင်ကာကွယ်ရေး။** သို့ရာတွင် နိုင်ငံအချို့၌ ရောဂါကျရောက်ဖြစ်ပွားမှု ရှိနေသဖြင့် ရောဂါကြိုတင်ကာကွယ်ရေးအတွက် အောက်ပါအချက်များကို လိုက်နာ ပူးပေါင်းဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်-

(က) ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုမြှင့်တင်ရန်၊

(ခ) မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊ နှာခေါင်းစည်းဝတ်ဆင်ရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊

(ဂ) ကြက်ငှက်များ မသင်္ကာဖွယ်ရာ သေဆုံးမှုရှိပါက နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်၊

(ဃ) ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ခြေလျင်နှင့်တောင်တက်အသင်း ရွှေရတုနှင့် မိတ်ဆုံဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၂

၁၉၆၀ပြည့် ဇန်နဝါရီ ၅ရက်က စတင်တည်ထောင်ခဲ့သော မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် နှစ်(၅၀)ပြည့် ရွှေရတုနှင့် ၁၉၆၀-၁၉၆၁ ပညာသင်နှစ်က စတင်ဖွဲ့စည်းခဲ့သော ရန်ကုန်တက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်း ရွှေရတုကို ဂုဏ်ပြုလျက် တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းက ကြီးမှူး ကျင်းပမည့် (၁၅)ကြိမ်မြောက် ကျောင်းသားဟောင်း မျိုးဆက်သစ်မိတ်ဆုံပွဲ၊ ချင်း ပြည်နယ်နှင့် တနင်္သာရီတိုင်းခရီးစဉ်တို့တွင် ပါဝင်ခဲ့သူများနှင့် နာဂစ်ဒေသပြန်လည် ထူထောင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ကူညီခဲ့သူ များအား ဂုဏ်ပြုပွဲကို ဇွန် ၂၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပမည်ဖြစ်ရာ တောင်တက်အဖွဲ့ဝင်မိသားစု ဟောင်း/သစ်အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ (ခြေလျင်နှင့်တောင်တက်အသင်း)

ဇွန် ၂၀ရက်က စိတ်ကျန်းမာရေးဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူလျက် ရှိသည့် လူနာများအတွက် ကျပ်ခုနစ်သိန်းခန့်တန်ဖိုးရှိ ထမင်း၊ ဟင်းတို့ကို ရန်ကုန်မြို့ လသာမြို့နယ် ၂၃လမ်း အမှတ် ၁၄၅နေ ဦးကျင်သိန်း-ဒေါ်ခင်အေးမိသားစုတို့က သွားရောက်လှူဒါန်းရာ သူနာပြုဆရာမကြီး ဒေါ်မြင့်မြင့်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (စိတ်ကျန်းမာရေးဆေးရုံ)

ဇွန် ၁၀ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၃) အခြေခံ ပညာအလယ်တန်းကျောင်း (အထက-ခွဲ) ကျောင်းခန်းမတွင် အပြည်ပြည်ဆိုင်ရာ မူးယစ် ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မြန်မာ-အင်္ဂလိပ် ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးမြင့်ဇော် ဆုရကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

လမ်းများပြုပြင်ရန်အတွက် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၂

ဆီမီး ၉၉၀၀အဖွဲ့ (အင်းစိန်)က ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ စေတီတော်ကြီးသို့ ချောက်-ညောင်ဦး မော်တော်ကားလမ်းမကြီးမှတစ်ဆင့်သွား မော်တော် ကားလမ်းနှင့် ရပ်ကွက်အတွင်းလမ်းများ ပြုပြင်ရာတွင် အသုံးပြုရန်အတွက် လက်တွန်း လှည်းနှင့် လိုအပ်သော ပစ္စည်းများဝယ်ယူရန် အလှူငွေပေးအပ်ပွဲကို ဇွန် ၁၈ရက်က မြို့ကုန်းရပ်ကွက်၌ ကျင်းပရာ ဆီမီး ၉၉၀၀အဖွဲ့ (အင်းစိန်) နာယကဦးစိုးဝင်း (သတင်း ထောက်စဥ့်ကူစိုးဝင်း)နှင့် ဥက္ကဋ္ဌ ဦးမြင့်စိုး (တရားရုံးရှေ့နေ)တို့က ဒေသခံဦးအောင် ကွန်းနှင့် လူငယ်အဖွဲ့ခေါင်းဆောင်ဦးစိုးခိုင်တို့အား ပေးအပ်သည်။ **(အပေါ်ပုံ)**

အလားတူ မတ်လကလည်း ဆီမီး ၉၉၀၀အဖွဲ့ (အင်းစိန်)က လုပ်အားရှင်လူငယ်များ အား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့သည်။ **(၁၁၃)**

ကမ္ဘာ့ဖလား နောက်ဆုံးရသတင်းများ

အာကာဟိန်း စုစည်းသည်

ရှုံးကြေးထပ်တင်ခဲ့ဟု မြောက်ကိုရီးယားနည်းပြ ပြောကြား

၁၉၆၆ခုနှစ် လန်ဒန်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပေါ်တူဂီကို မြောက်ကိုရီးယားက ငါးဂိုး-သုံးဂိုးဖြင့် ရှုံးခဲ့သည့်အကြွေးကို ယခုပွဲ၌ ပြန်မချေနိုင်ဘဲ ရှုံးကြေးထပ်မံတင်ခဲ့ကြောင်း မြောက်ကိုရီးယားနည်းပြ ကင်ဂျုံဟန်က ပြောကြားသည်။

အမှားများပြုလုပ်ခဲ့ကြောင်း အီတလီနည်းပြ ဝန်ခံ

၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ မိမိအနေဖြင့် ပွဲထွက်ကစားသမားများထုတ်ခဲ့ ရာတွင် အမှားများပြုလုပ်ခဲ့ကြောင်း အီတလီအသင်းနည်းပြ မာဆယ်လိုလစ်ပီက ဇွန်၂၂ရက်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ဝန်ခံပြောကြားသည်။

ကမ္ဘာ့အကောင်းဆုံးအသင်းဖြစ်ကြောင်း ဖာဘီရာနို ပြောကြား

အိုင်ဗရီကိုစ့်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သော ဘရာဇီးအသင်းသည် ကမ္ဘာ့အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေကြောင်းကို ပြသလိုက်ခြင်းဖြစ်ကြောင်း ယင်းပွဲ၌ နှစ်ဂိုးသွင်းယူခဲ့သည့် ဘရာဇီးတိုက်စစ်မှူး ဖာဘီရာနိုက ဇွန်၂၂ရက်က ပြောကြားသည်။

ဒေးပစ်ဗီလာဂိုး အကောင်းဆုံးဖြစ်

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၂)အထိ ကစားပြီးချိန်တွင် စပိန်နှင့် ဟွန်ဒူးရပ်စ်တို့ပွဲစဉ်၌ စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာသွင်းယူခဲ့သော ဒုတိယသွင်းဂိုး သည် အကောင်းဆုံးဖြစ်ကြောင်း ဖီဖာတာဝန်ရှိသူများက ပြောကြားသည်။

အင်္ဂလန်အသင်း၌ အခက်အခဲမရှိဟု လမ်းပတ် ပြောကြား

အင်္ဂလန်အသင်းတွင် ဂျွန်တယ်ရီနှင့် နည်းပြကာပယ်လိုတို့အကြား နားလည်မှု လွဲမှားခြင်းမှာ ပြီးဆုံးခဲ့ပြီဖြစ်ရာ ယခုအချိန်၌ အသင်းအောင်မြင်မှုရရှိရေးအတွက် အာရုံစိုက်ရတော့မည်ဟု လမ်းပတ်က ပြောကြားသည်။

အကောင်းဆုံးကစားနိုင်သည့်ပွဲဟု နည်းပြကွီရော့ဇ် ပြောကြား

မြောက်ကိုရီးယားအသင်းကို ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပေါ်တူဂီ အသင်း၏ ကစားခဲ့မှုမှာ ယခုနှစ်အတွင်း အကောင်းဆုံးဖြစ်ကြောင်း ပေါ်တူဂီနည်းပြ ကွီရော့ဇ်က ဇွန် ၂၂ရက်၌ ပြောကြားသည်။

အာဂျင်တီးနား ပိုလ်စွဲမည်ဟု မာရာဒိုနာ ယုံကြည်

ဘရာဇီးအသင်း ယခုကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဖိုလ်စွဲနိုင်မည်ဟု မိမိထင်မြင်ကြောင်း၊ သို့သော် မိမိ၏ အာဂျင်တီးနားအသင်း ဖလားသိမ်းပိုက်နိုင်မှုအပေါ် ယုံကြည်မှု အပြည့်အဝရှိနေကြောင်း အာဂျင်တီးနားနည်းပြ မာရာဒိုနာက ဇွန်၂၂ရက်၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

ကွင်းလယ်ကစားသမား ဘီရာမီ ပွဲပယ်ခံရ

ချီလီနှင့်ကစားခဲ့သောပွဲတွင် ဆွစ်ဇာလန်ကွင်းလယ်ကစားသမား ဘီရာမီသည် အနီကတ်ထိခဲ့သဖြင့် ဇွန်၂၅ရက်၌ နောက်ဆုံး အုပ်စုပွဲစဉ်အဖြစ် ဟွန်ဒူးရပ်စ်နှင့်ပွဲ၌ ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း ဆွစ်ဇာလန်အသင်းတာဝန်ရှိသူများက ပြောကြား သည်။

တောရက်စ်က ဘောလုံးထိန်းရခက်ကြောင်း ပြောကြား

၂၀၁၀ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အသုံးပြုနေသော ဂျာဘူလာနီဘောလုံးသည် ထိန်းသိမ်းရခက်ခဲပြီး မိမိလိုရာကို ပေးပို့ရာတွင်လည်း ထိရောက်မှုမရှိကြောင်း စပိန်တိုက်စစ်မှူး တောရက်စ်က ဇွန်၂၂ရက်၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။ ။

(အင်တာနက်)

ကမ္ဘာ့အားကစားသတင်း အတိုအထွာ

မြန်မာ့အလင်း

ချစ်စိုးနိုင် - စုစည်းတင်ပြသည်

အမေရိကန်အိုးပင်းဂေါက်သီးဆုဖလား ဒိုဝဲလ် ဆွတ်ခူး

အမေရိကန်နိုင်ငံ ပက်ဘယ်ကမ်းခြေ၌ကျင်းပသော အမေရိကန်အိုးပင်းဂေါက်သီး ရိုက်ပြိုင်ပွဲတွင် အသက်၃၀အရွယ်ရှိ မြောက်အိုင်ယာလန်နိုင်ငံသား ဂရေမီမက်ဒိုဝဲလ်က ဆုဖလားဆွတ်ခူးပြီး အမေရိကန်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဥရောပဂေါက်သီး သမားများ၏ နှစ်၄၀ကြာ ဆုဖလားမိုးခေါင်နေမှုကို အဆုံးသတ်စေခဲ့သည်။ ဒိုဝဲလ်သည် ၁၉၄၇ခုနှစ် အမေရိကန် အိုးပင်းချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြောက်အိုင်ယာလန် နိုင်ငံသား ဖရက်ဒါလီ ဆုဖလားဆွတ်ခူးခဲ့ပြီးနောက် ပထမဦးဆုံး မေဂျာဖလား ဆွတ်ခူး နိုင်သူဖြစ်လာကြောင်း ဖော်ပြသည်။

မီတာ ၁၁၀တန်းကျော်ပြေးပွဲ တာနာ ရွှေတံဆိပ်ဆွတ်ခူး

ဥရောပ တီးမ်ချန်ပီယံရှစ်ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဗြိတိသျှပြေးခုန်ပစ်ကစားသမား အန်ဒီတာနာသည် မီတာ၁၁၀တန်းကျော်ပြေးပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ပြီး ဗြိတိန်နိုင်ငံ သည် ပြိုင်ပွဲအားလုံးအနေဖြင့် ရုရှားနိုင်ငံ၏နောက် ဒုတိယနေရာ၌ ရပ်တည်နိုင်ခဲ့သည်။

ယူအေအီးအသင်းတစ်သင်းသို့ ဆီဗက်စတာ ပြောင်းရွှေ့ရေးနီးစပ်

အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းကုန်နေပြီဖြစ်သော အသက် ၃၂နှစ် အရွယ်ရှိ ခံစစ်မှူး ဆီဗက်စတာသည် ယူအေအီးအသင်း အယ်လ်ဂျာဇီယာ အဘူဒါဘီ နှင့် သဘောတူညီမှုရရှိပြီး ယင်းအသင်းသို့ပြောင်းရွှေ့ရေး နီးစပ်နေပြီဖြစ်ကြောင်း၊ ၎င်းအသင်းသည် ဆီဗက်စတာအား တစ်နှစ် လစာ ပေါင်လေးသန်းပေးမည်ဖြစ်ကြောင်း သိရသည်။

ဂျရတ်၏ ပြောင်းရွှေ့ကြေးကို ရီရဲက လျှော့စေလို

ရီရဲမက်ဒရစ်အသင်းသည် လီဗာပူးအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား စတီဗင်ဂျရတ်အား ခေါ်ယူရန်ကြိုးစားနေပြီး လီဗာပူးအသင်းက ခေါ်ထားသည့်ဈေးကို လျှော့စေလိုကြောင်း၊ ဂျရတ်၏ ပြောင်းရွှေ့ကြေးကို လီဗာပူးက ပေါင် သန်း၃၀ ဈေးခေါ် ထားကြောင်း ဖော်ပြသည်။

ရစ်ချတ်အား စာချုပ်ခေါ်ယူရန် ဟဂ္ဂူဆန် စီစဉ်

မန်ယူနည်းပြ ဖာဂူဆန်သည် မန်စီးတီးခံစစ်မှူး မီကက်ချ်ရစ်ချတ်အား ကမ်းလှမ်း စာချုပ်ခေါ်ယူရန် စီစဉ်နေကြောင်း၊ ရစ်ချတ်သည် မန်စီးတီးအသင်းတွင် နေရာမရ ဖြစ်နေသူဖြစ်ပြီး ၎င်း၏ပြောင်းရွှေ့ကြေးမှာ ပေါင် ၁၂သန်းဖြစ်ကြောင်း ဖော်ပြသည်။

အူစိန်ဘော့၏ မီတာ ၁၀၀စံချိန်ကိုချိုးရန် ပိုဝဲလ် ရည်ရွယ်

အသက် ၂၇နှစ်အရွယ်ရှိ ဂျမေကာပြေးခုန်ပစ်သမား အဆာဖာပိုဝဲလ်သည် **အူစိန်ဘော့၏ ကမ္ဘာ့မီတာ ၁၀၀ပြေးပွဲစံချိန် ၉ဒသမ ၅၈စက္ကန့်ကို စံချိန်ချိုးရန် ရည်ရွယ် ထားကြောင်း၊ ၎င်းသည် ယခုနွေရာသီတွင် ဗြိတိန်ပြေးခုန်ပစ်ပြိုင်ပွဲ၌ အမေရိကန် ပြေးခုန်ပစ်သမား တိုင်ဆန်ဂေးနှင့် ပြိုင်ပွဲနှစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲ၏ ရလဒ်က အူစိန်ဘော့၏ စံချိန်ကို ချိုးနိုင်၊ မချိုးနိုင် ဆုံးဖြတ်မည်ဖြစ်ကြောင်း ဖော်ပြသည်။**

မွန်တိုလီဗိုအား ခေါ်ယူရန် အာဆင်နယ် စိတ်ဝင်စား

ဖီအိုရင်တီးနားကွင်းလယ်ကစားသမားဖြစ်ပြီး ကမ္ဘာ့ဖလားတွင် အီတလီ လက်ရွေးစင်အသင်းနှင့်အတူ ပထမဆုံးအကြိမ် ပါဝင်ခွင့်ရသူဖြစ်သည့် အသက်၂၅နှစ် အရွယ်ရှိ ရစ်ကာဒိုမွန်တိုလီဗိုအား အာဆင်နယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စား နေကြောင်း၊ ဖီအိုရင်တီးနားအသင်း၌ ငါးရာသီကစားခဲ့ပြီးသူ မွန်တိုလီဗိုအား အာဆင်နယ်အသင်းခေါင်းဆောင် ဖာဘရီဂတ်စ်နှင့် ယှဉ်တွဲကစားစေရန် ရည်ရွယ်ထား ကြောင်း သိရသည်။

တိုက်စစ်မှူးဂျီလာပစ်အား ဆမ်အလာဒိုက် မျက်စိကျနေ

ဘလက်ဘန်းနည်းပြ ဆမ်အလာဒိုက်သည် ဗီယင်နာအသင်းမှ ခရီအေးရှား တိုက်စစ်မှူး နီကီကာဂျီလာဗစ်အား စာချုပ်ခေါ်ယူရန် မျက်စိကျနေကြောင်း၊ လက်ရှိ ဘလက်ဘန်းအသင်းတွင် ကစားနေသော ခရိုအေးရှားတိုက်စစ်မှူး နီကိုလာကာလီနစ် နှင့် တွဲဖက်ကစားစေလို၍ ခေါ်ယူလိုခြင်းဖြစ်ကြောင်း ဖော်ပြသည်။

မာတင်ပက်ထရို့ပ်အား ခေါ်ယူရန် ဗီလာ ကြိုးပမ်း

မန်စီးတီးအသင်းမှ ထွက်ခွာခွင့်ပြုပြီးသော ဘူလ်ဂေးရီးယား တောင်ပံကစားသမား မာတင်ပက်ထရို့ဗ်အား ဘော်လ်တန်အသင်းထက် ဦးအောင်ခေါ်ယူနိုင်ရန် အက်စ်တွန် ဗီလာက ကြိုးပမ်းနေကြောင်း၊ ၎င်းအားခေါ်ယူရန် ဘလက်ဘန်းအသင်းကလည်း ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

တောရက်စ် ဘာကာသို့ပြောင်းရွှေ့စေလိုဟု ပီကေး ဖွင့်ဟ

စပိန်လက်ရွေးစင်အသင်း ခံစစ်မှူး ပီကေးက ၎င်းအနေဖြင့် ကစားဖော် တောရက်စ်အား ၎င်း၏အသင်း ဘာစီလိုနာသို့ ပြောင်းရွှေ့စေလိုကြောင်း၊ သို့သော်လည်း လီဗာပူးအသင်းနှင့် တောရက်စ်တို့ ချုပ်ဆိုထားသောစာချုပ်ကြောင့် ယင်းသို့ ပြောင်းရွှေ့ရေးမှာ ဖြစ်နိုင်ဖွယ်မရှိကြောင်း ဖွင့်ဟဝန်ခံပြောကြားသည်။(အင်တာနက်)

၁၉၇၂-၁၉၇၇ ခုနှစ် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဥပဒေကျောင်းသားများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇွန် ၂၂

၁၉၇၂-၁၉၇၇ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဥပဒေကျောင်းသား၊ ကျောင်းသူ များ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံအပန်းဖြေခရီးကို ဒီဇင်ဘာ နောက်ဆုံးပတ်တွင် ကျင်းပရန်စီစဉ်ထားပါသဖြင့် မောင်မောင်ဝင်း(နေပြည်တော်) ဖုန်း-၀၆၇-၄၀၄၁၆၈၊ ခင်မောင်ချို ဖုန်း-၀၉-၅၀-၇၁၅၅၃၊ ဇေယျာမောင်(မိတ္ထီလာ) ဖုန်း-၀၉-၂၂၀၀၂၁၁၊ မလှထွေး(မန္တလေး) ဖုန်း-၀၉-၂၂၁၅၉၀၉၊ နွယ်နွယ်အောင် (မော်လမြိုင်) ဖုန်း-၀၉-၅၃၂၂၂၃၅၊ တင်မောင်ဝင်း(မန္တလေး) ဖုန်း-၀၉-၅၁-၇၁၁၃၈၊ မေသီလင်း(နေပြည်တော်) ဖုန်း-၀၆၇-၄၀၄၁၀၇နှင့် မိုမိုအောင် ဖုန်း-၀၉-၅၀- ၄၇၀၄၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နောက်တစ်ဆင့်တက်ဖို့ ရွှန်နေတို့ အမှတ်ပြည့်ယူနိုင်ပါ့မလား

ကလိုဆေးမပါဘဲ ဂျာမနီတို့ ဖြတ်ကျော်ရမည့် ဂါနာ

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ကိတ်ဗ်တောင်း ဇွန် ၂၂

ထိပ်တန်းအသင်းကြီးများ ပုံမှန်ခြေစွမ်းရပြီး နိုင်ပွဲများပြန်ရနေသည့် ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသည် သက်ဝင်လှုပ်ရှားလာပြီး ပရိသတ်များ၏ စိတ်ဝင်စားမှုကိုလည်း ပိုမို၍ ပီပီပြင်ပြင်ဖြစ်လာစေခဲ့ပြီဖြစ်သည်။ ဘောလုံးအင်အားကြီး နိုင်ငံအသင်းတိုင်းနီးပါး အုပ်စုမှတက်ရန် မျှော်လင့်ချက်များ ရှိနေပြီဖြစ်ရာ ရှန်းကန်ရမည့် အသင်းများလည်းရှိနေသည်။ ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၏ ပွဲစဉ်(၂၃)အဖြစ် ဆလိုဗေးနီးယားနှင့် အင်္ဂလန်၊ အမေရိကန်နှင့် အယ်လ်ဂျီးရီးယား၊ ဩစတြေးလျနှင့် ဆားဘီးယား၊ ဂါနာနှင့် ဂျာမနီအသင်းတို့ ဇွန် ၂၃ ရက် (ယနေ့)၌ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အင်္ဂလန်နိုင်ပွဲရရေး ရွှန်နေ စွမ်းဆောင်ပေးမှာလား။

ဆလိုဗေးနီးယားနှင့် အင်္ဂလန်

အုပ်စု(ဂ)တွင် ဆလိုဗေးနီးယားတို့ နှစ်ပွဲကစားပြီး လေးမှတ်ရရှိထားသည်။ ဆလိုဗေးနီးယားက ပွဲဦးထွက်၌ အယ်လ်ဂျီးရီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရထားပြီး ဒုတိယပွဲစဉ်အဖြစ် အမေရိကန်နှင့် နှစ်ဂိုးစီသရေပွဲဖြစ်ထားသည်။ ဆလိုဗေးနီးယားအသင်းသည် ရှေ့တန်းတွင် တိုးအား၊ ဂိုးသွင်းအားကောင်းသည့် နိုဗာကိုဗစ်၊ ဒီဒစ်တို့ရှိနေသည်။ ဂိုးလည်းသွင်းနိုင်သလို ရဲရဲဝံ့ဝံ့လည်း ထိုးဖောက်နိုင်ကြသည်။ ဘယ်၊ ညာတောင်ပံမှ ဖြတ်တင်ဘောများဖြင့် ဂိုးရအောင်သွင်းယူသည့် ဗျူဟာကို အင်္ဂလန်နှင့်ပွဲ၌ ဆလိုဗေးနီးယားတို့ အသုံးပြုမည် မဟုတ်ချေ။ အီလစ်နှင့် ဘီရက်တိုတို့ နောက်တန်းခံစစ်မှူးများက အင်္ဂလန်တိုက်စစ်ကို မည်သို့ဟန့်တားနိုင်မှုက နိုင်ပွဲရလဒ်ကို ဖြစ်ပေါ်စေမည်။ အသင်းခေါင်းဆောင်ဟောင်း တယ်ရီနှင့် နည်းပြကာပယ်လိုတို့ ပြဿနာကြောင့် စည်းလုံးမှု အက်ကြောင်းထင်နေသည့် အင်္ဂလန်တို့ ဆလိုဗေးနီးယားကို နိုင်ပွဲရအောင် ခက်ခဲစွာကြိုးစားရမည်ဖြစ်သည်။ အင်္ဂလန်အသင်းသည် နှစ်ပွဲကစားပြီး နှစ်မှတ်သာရရှိထားရာ ယခုပွဲအနိုင်ကစားမှရမည်။ နည်းပြနှင့် ကစားသမားများ အဆင်မပြေမှုကို ဘေးဖယ်ကာ ယခုပွဲအနိုင်ရရှိရေးကို ဦးတည်ရတော့မည်။ အင်္ဂလန်အတွက် ဂိုးပေါက်ပျောက်နေဆဲဖြစ်သည့် ရွှန်နေ လွတ်လပ်စွာလှုပ်ရှား ဂိုးသွင်းနိုင်ရေး တိုက်စစ်မြှားဦးတင်မှသာ အင်္ဂလန်တို့ မျှော်လင့်ချက်ပြည့်ဝနိုင်မည်ဖြစ်သည်။ လမ်းပတ်နှင့် ဂျရတ်တို့ ကွင်းလယ်မှ တိုက်စစ်ကို ပံ့ဖော်နိုင်လျှင် ကာပယ်လိုတို့ သုံးမှတ်အပြည့်ရနိုင်သည်။ သို့သော် ဆလိုဗေးနီးယားကလည်း နောက်တစ်ဆင့်တက်ရေး သေချာရန် အင်္ဂလန်ကို တိုက်စစ်ဖွင့်ကစားမည်ဖြစ်ရာ အင်္ဂလန်အတွက် ယခုပွဲသည် ရင်ပူစရာကောင်းနေသည်။ သရေရလဒ်ပင် လက်မခံနိုင်တော့သည့် အင်္ဂလန်၏ ကစားအားကိုပင် ယုံကြည်ရမည်ဖြစ်သည်။

အမေရိကန်နှင့် အယ်လ်ဂျီးရီးယား

အုပ်စု(ဂ)၌ နောက်တစ်ဆင့်တက်ရေးအတွက် အမေရိကန်တို့ ကြိုးစားရုန်းကန်ရတော့မည့်ပွဲဖြစ်သည်။ အုပ်စု(ဂ)၌ အမေရိကန်တို့ နှစ်ပွဲကစားပြီး သရေနှစ်ပွဲဖြစ်

အမေရိကန်အတွက် ဂိုးသွင်းပေးဖို့ လိုအပ်နေသည့် ဒိုနိုဗန်။

ကာ နှစ်မှတ်သာရရှိထားသဖြင့် ယခုပွဲအနိုင်ရလျှင် မျှော်လင့်ချက်ရှိနိုင်သည်။ အင်္ဂလန်ကို တစ်ဂိုးစီသရေပွဲကစားပြီး ဆလိုဗေးနီးယားကို နှစ်ဂိုးစီသရေပွဲကစားထားနိုင်သည့် အမေရိကန်ခြေစွမ်းက လျှော့တွက်၍မရချေ။ အယ်တီဒိုရီ၊ ဒိုနိုဗန်တို့က ဂိုးသွင်းသေချာသူများ ဖြစ်သည်။ ပါးနပ်စွာဖြင့် တစ်ဖက်အသင်းနောက်တန်းကိုကျော်ဖြတ်နိုင်သည်။ သို့သော် နောက်တန်းတောင့်သော အယ်လ်ဂျီးရီးယားတို့က အမေရိကန်တိုက်စစ်မှူးများကို ကောင်းကောင်းထိန်းနိုင်ကြသည်။ အယ်လ်ဂျီးရီးယားတို့နောက်တန်းကား အမေရိကန်ထက်ပိုပြီး ကျစ်လျစ်သည်။ နားလည်မှုရှိကာ အများအယွင်းနည်းကြသည်။ ခံစစ်ထိုင်ပြီး တန်ပြန်တိုက်စစ်မှတစ်ဆင့် ဂိုးရရှိရေး ဖန်တီးမှုသေချာရာ အမေရိကန်တို့ ပွဲချိန်တစ်ချိန်လုံး ကစားအားတင်မှ အနိုင်ရလဒ်ကို မှန်းဆနိုင်မည်။ အယ်လ်ဂျီးရီးယားက နှစ်ပွဲကစားပြီး တစ်မှတ်သာရရှိထားရာ အုပ်စုမှတက်ရေးမျှော်လင့်ချက်က မှေးမှိန်နေသည်ကအမှန်ပင်။ သို့သော် နိုင်ပွဲရလဒ်ကို ဂုဏ်သိက္ခာအတွက် ရယူမည်ဖြစ်ရာ အမှတ်ခွဲယူဖို့ကိန်းလည်း ဆိုက်သွားနိုင်သည်။

ဩစတြေးလျနှင့် ဆားဘီးယား

အုပ်စု(ဃ)၌ ဩစတြေးလျတို့ နှစ်ပွဲကစားပြီး တစ်မှတ်သာရရှိထားသဖြင့် နောက်တစ်ဆင့်တက်ရေး အိပ်မက်ကို အကောင်အထည်ဖော်ရန် မလွယ်ချေ။ ဆားဘီးယားက ဂါနာကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့သော်လည်း ဂျာမနီလို တောင့်တင်းသည့် အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားနိုင်ခဲ့ရာ သုံးမှတ်အပြည့်ရရှိနေသည်။ ဗီဒစ် ဦးဆောင်သည့် ဆားဘီးယားတို့ ယခုပွဲ၌ ဩစတြေးလျကို အနိုင်ကစားလျှင် အုပ်စုမှတက်နိုင်မည်ဖြစ်ရာ ခြေကုန်ဖွင့်မည်မှာ သေချာသည်။ ဆားဘီးယားတို့က ကစားအားကောင်းသည်။တစ်ပွဲလုံး ကစားအားမချဘဲ ထိုးဖောက်မွှေနှောက်နိုင်ကြရာ ဩစတြေးလျ ခံစစ်မှူးများ ထိန်းနိုင်မည်

ဆားဘီးယားတို့ အုပ်စုမှတက်ရေး ဗီဒစ်ဦးဆောင်ပေးနိုင်ပါ့မလား။

မဟုတ်ချေ။ တစ်ဖက်အသင်း ဂိုးဧရိယာအတွင်း ဆားဘီးယားတိုက်စစ်မှူးများက ဂိုးရအောင်ဖန်တီးနိုင်ကြသူများဖြစ်သည်။ ကွင်းလယ်မှတိကျသော ဖြတ်ပေးဘောများနှင့် တောင်ပံများမှ တင်ပေးသောဘောများကို ကောင်းကောင်းအသုံးချနိုင်သူများဖြစ်သည်။ ကွင်းလယ်တွင် စတန်ကိုဗစ်၊ ကူမန်နိုဗစ်နှင့် မာရင်တို့က ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်ကာ တိုက်စစ်ကို ပံ့ပိုးပေးနိုင်သူများဖြစ်ရာ ဆားဘီးယားတိုက်စစ်မှူးများ ဂိုးရရှိရေး လွတ်လပ်စွာလှုပ်ရှားနိုင်ကြမည်ဖြစ်သည်။ သို့သော်ဂါနာကို တစ်ဂိုးစီသရေကစားနိုင်သည့် ဩစတြေးလျခြေစွမ်းကလည်း ဆားဘီးယားတို့ စိတ်တိုင်းကျဖန်တီးနိုင်မှု ရှိမည်မဟုတ်ချေ။ အရှိန်အဟုန်ကောင်းကောင်းဖြင့် တိုက်စစ်ဖွင့်ကစားနိုင်မှသာ ဆားဘီးယားတို့ အနိုင်ရလဒ်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

ဂါနာနှင့် ဂျာမနီ

အုပ်စု(ဃ)မှ ဂျာမနီတို့ သုံးမှတ်ရရှိထားသည်။ ဂါနာသည် ဆားဘီးယားကို နိုင်ပြီး ဩစတြေးလျကို တစ်ဂိုးစီသရေကျထားသဖြင့် လေးမှတ်ရရှိနေသည်။ နှစ်သင်းစလုံးအုပ်စုမှတက်နိုင်ရေး အကြိတ်အနယ်နွှဲရမည့်ပွဲဖြစ်သည်။ အသင်းလိုက်ကစားရာတွင် ဂါနာတို့က ပိုကောင်းသည်။ တစ်ချိန်လုံးကစားအားမချဘဲ ကစားနိုင်သလို တိုက်စစ်၊ ခံစစ်မျှသည်။ တိုက်စစ်တွင် နေရာစုံမှထိုးဖောက်နိုင်သည်။ အက်ဒီယာနှင့် တာဂိုတို့က ဂျာမနီ၏နောက်တန်းကို ကျော်ဖြတ်နိုင်ကြသည့် ခြေစွမ်းရှိသည်။ သို့သော် အဆုံးသတ် ဂိုးသွင်းနိုင်မှုက မသေချာချေ။ ဂျာမနီ တိုက်စစ်တွင် ပိုဒေါ်စကီးနှင့် မူလာတို့က ဂိုးရအောင်ဖန်တီးနိုင်ကြသည်။ ဂါနာ နောက်တန်းခံစစ်မှူးများ အမှားဖြစ်အောင် လှုပ်နိုင်ကြသူများဖြစ်သည်။ တောင်ပံများသို့ထွက်ပြီး ကစားနိုင်သလို ဂိုးလည်း သွင်းနိုင်ကြသည်။ ဂျာမနီကွင်းလယ်သည် တိုက်စစ်ကိုပံ့ပိုးမှု၌ ထိရောက်မှုရှိပြီး ဘောလုံးဆုံးရှုံးမှုလည်း နည်းသည်ဖြစ်ရာ တိုက်စစ်မှူးများစွမ်းရည်က ယခုပွဲရလဒ်ကို ထွက်ပေါ်စေမည်ဖြစ်သည်။ ဂျာမနီတို့ ယခုပွဲ၌ သရေရလဒ်ပင် လက်ခံနိုင်မည်မဟုတ်ရာ အနိုင်သုံးမှတ်ရယူရေးအတွက် ပိုင်ပိုင်နိုင်နိုင်စွမ်းဆောင်နိုင်မည်ဟု တွက်ဆမိပါကြောင်း။ ။

ကိုးကား-အင်တာနက်

ဒေးဗစ်ဗီလာ သွင်းဂိုးများဖြင့် စပိန်နိုင်ပွဲရ

ရင်ပူနေသောပရိသတ်ကို ပျော်ရွှင်စေနိုင်ခဲ့

မောင်ချစ်ကြည် - ရေးသားသည်

ကိတ်ဗ်တောင်း ဇွန် ၂၂

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၂)အဖြစ် စပိန်နှင့် ဟွန်ဒူးရပ်စ်အသင်းတို့ ဇွန် ၂၂ ရက်က ယှဉ်ပြိုင်ကစားရာ စပိန်တို့ နှစ်ဂိုးပြတ်နိုင်ပွဲရသဖြင့် သုံးမှတ်စတင်ရရှိပြီး စပိန်ပရိသတ်တို့ ပျော်ရွှင်နိုင်ခဲ့ကြပေပြီ။

အခင်းအကျင်း

ကနဦးပွဲ၌ ဆွစ်ဇာလန်ကို တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးခဲ့ပြီး ပရိသတ်ကို စိတ်ပျက်စေခဲ့သည့်စပိန်တို့ ဟွန်ဒူးရပ်စ်ကိုအနိုင်ကစားရန် တိုက်စစ်၌ ဇာဗီ၊ တောရက်စ်နှင့် ဒေးဗစ်ဗီလာတို့ကိုအကုန်ထုတ်ကာ ၄း ၃း ၃ အခင်းအကျင်းဖြင့် ပွဲထွက်ခဲ့သည်။ ဟွန်ဒူးရပ်စ်နည်းပြ ရူရီဒါကလည်း စပိန်ကို ခံစစ်ကစားရန် ၄း၂း၃း၁ ဗျူဟာဖြင့် ခံစစ်အားပြုတိုက်စစ်ဖြင့် အမှတ်ရရှိရေးကြိုးစားခဲ့သည်။

နှစ်နာ

စပိန်တို့က အနိုင်ယူမည်ဟူသောစိတ်ဓာတ်အပြည့်ဖြင့် ပွဲစတင်ကတည်းက ဟွန်ဒူးရပ်စ်နောက်တန်းကို ခြိမ်းခြောက်ကာ ထိုးဖောက် ဂိုးသွင်းနိုင်ရေး ကြိုးစားခဲ့သည်။ ပွဲအစ ၇ မိနစ်၌ တိုက်စစ်မှူးဒေးဗစ်ဗီလာ၏ အပိုင်ကန်သွင်းချက် ဂိုးတိုင်ထိ၍ထွက်သွားသဖြင့် စပိန်တို့နှစ်နာခဲ့ရသည်။ ဇာဗီ၊ တောရက်စ်နှင့် ဗီလာတို့နေရာစုံမှ ထိုးဖောက်ကာ ဂိုးရရှိရေး အစွမ်းကုန်ကြိုးစားခဲ့ကြသည်။

စပိန်နှင့် ဟွန်ဒူးရပ်စ်တို့ပွဲတွင် စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာ ဤသို့ ထိုးဖောက်ဂိုးသွင်းခဲ့သည်။

အဖွင့်ဂိုး

ပွဲချိန် ၁၇ မိနစ်၌ ဘယ်ကြောမှအမြောက်ကန်တင်ပေးလိုက်သည့် ဘောလုံးကို ဒေးဗစ်ဗီလာရရှိပြီး ဟွန်ဒူးရပ်စ်နောက်ခံလူသုံးဦးအား ဖြတ်ကျော်ကာ မနားတမ်းကန်သွင်းယူခဲ့သဖြင့် စပိန်တို့အဖွင့်ဂိုးစတင်ရရှိခဲ့သည်။ ဒေးဗစ်ဗီလာ၏ ယခုအဖွင့်ဂိုးသည် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ စပိန်အသင်း၏ ပထမဆုံးသွင်းဂိုးလည်းဖြစ်သည်။

စပိန်တို့ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ကစားကွက်ကိုထိန်းချုပ်ကာ ဟွန်ဒူးရပ်စ်ဘက်သို့ တိုက်စစ်ဆင်ခဲ့သည်။ ဂိုးသွင်းခွင့်အခွင့်အရေးများရရှိခဲ့သော်လည်း တောရက်စ်နှင့် ဇာဗီတို့ကန်ချက်များလွဲချော်နေခဲ့သဖြင့် ဂိုးထပ်မံမရရှိခဲ့ခြင်းဖြစ်သည်။ ဟွန်ဒူးရပ်စ်တို့က စပိန်နောက်တန်းကို ထိထိရောက်ရောက်မဖြတ်ကျော်နိုင်ခဲ့သလို အပိုင်ကန်သွင်းခွင့်လည်းမရရှိခဲ့သဖြင့် ပထမပိုင်းပွဲချိန်အတွင်း စပိန်တို့က တစ်ဂိုး-ဂိုးမရှိဖြင့်ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယဂိုး

ဒုတိယပိုင်းပွဲချိန်အတွင်း၌လည်း စပိန်တို့ ကစားကွက်စီးထားပြီး ဟွန်ဒူးရပ်စ်ဘက်သို့ ဂိုးထပ်မံသွင်းယူနိုင်ရေးကြိုးစားခဲ့ရာ ၅၁မိနစ်၌ နာမက်ခ် အနေတော်ခင်းပေးလိုက်သည့်ဘောလုံးကို ဒေးဗစ်ဗီလာကပင်သွင်းယူခဲ့သဖြင့် စပိန်တို့ ဒုတိယဂိုး ရရှိခဲ့ပြန်သည်။

ပယ်နယ်တီ

ဟွန်ဒူးရပ်စ်တို့ ချေပဂိုးရရှိရေးအတွက်ကြိုးစားသော်လည်း စပိန်နောက်တန်းကို မကျော်နိုင်ဘဲရှိရာ ၆၂မိနစ်၌ ဘောလုံးဆွဲယူလာသော နာမက်ခ်ကို ဂိုးဧရိယာအတွင်းဆွဲလှဲချသလိုဖြစ်ခဲ့ရာ ဟွန်ဒူးရပ်စ်တို့ ပယ်နယ်တီပေးခဲ့ရသည်။ ယင်းပယ်နယ်တီကို နှစ်ဂိုးသွင်းယူထားသည့်ဒေးဗစ်ဗီလာကန်သွင်းရာ ဘေးထွက်ခဲ့သဖြင့် စပိန်တို့နှစ်နာခဲ့ပြီး ဒေးဗစ်ဗီလာလည်း ဟက်ထရစ်ရဖို့ လွဲချော်ခဲ့ရသည်။

ထို့နောက်ပွဲချိန်ပြည့်သည်အထိ စပိန်တို့ဂိုးထပ်မံမသွင်းနိုင်ခဲ့သလို ဟွန်ဒူးရပ်စ်တို့လည်း ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် စပိန်တို့ နှစ်ဂိုးပြတ်ဖြင့်နိုင်ပွဲရပြီး သုံးမှတ်အပြည့်ရရှိကာ စပိန်ပရိသတ်ကို ပျော်ရွှင်မှုပေးနိုင်ခဲ့ပေပြီ။ **(အင်တာနက်)**

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှုသရုပ်ပြလေ့ကျင့်ခြင်းကို မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းအောင်ခင်၊ ဦးစီးအရာရှိ ဦးအေးဝင်းတင်၊ ဒုတိယဦးစီးမှူး(ဈေး) ဦးကျော်မင်း မင်းထွန်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးဟိန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သာကေတ အလက(၁)၌ အလှူရှင်များ ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇွန် ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း အမှတ်(၁)ခန်းမတွင် ဇွန် ၁၇ ရက် နံနက် ၁၀နာရီက အလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး ဂုဏ်ပြုလွှာများပေးအပ်ကာ အလှူရှင်များက ကျောင်းတွင်လိုအပ်သည့် ပစ္စည်းများနှင့်အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပေါ်ပြူလာပလတ်စတစ်စက်ရုံမှ ဦးကျင်ဦးက ငွေကျပ် ၃၇၈၀၀၀ တန်ဖိုးရှိ ပလတ်စတစ်ခုံအလုံး ၇၀ကိုလည်းကောင်း၊ ရေစက်အလှူရှင် ဦးအုန်းမောင် မိသားစုက အလှူငွေကျပ် ၁၂၀၀၀၀၀ကို လည်းကောင်း လှူဒါန်းကြသည်။ **(ယာပုံ)**

ဂုဏ်ပြု

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဦးက ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ **(၁၁၆)**

လက်ထပ်မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးမောင်မောင်-ဒေါ်ခင်ဆန်းတင်တို့၏သား

မောင်ဆန်းထူးမောင် (Chief Mate, F.G)

နှင့်

ရန်ကုန်မြို့နေ

(ဦးချစ်ကိုကို)-ဒေါ်ခင်လေးနွယ်တို့၏ တစ်ဦးတည်းသောသမီး

မဆုဝေအောင်

B.A(English), Diploma in Business Administration (Singapore), Diploma in Computerised Accounting (UK), C.A.T (UK)

Computerised Accounting Lecturer(MAT, Economic Garden)

တို့၏ ၂၂-၄-၂၀၁၀ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဒေါ်သီတာဝင်း (ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းတရားရုံး)၊ ၂၀-၆-၂၀၁၀ ရက်တွင် Summit Parkview Hotel (Ballroom) ၌ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်များဆင်မြန်းပေးပါသော ဗိုလ်မှူးကြီးအုန်းမြင့်(ငြိမ်း)၊ (ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာစစ်အဖွဲ့၊ ပညာရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်ဝင်းဝင်းဆွေအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မမေသူစိန်ဝင်းအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မရွှေဇင်ထက်ဝင်းအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးဝင်းတင်အားလည်းကောင်း၊ မိတ်ကပ်စိုးစိုးနှင့်အဖွဲ့အားလည်းကောင်း၊ Vivid Fashion Taste မှ မအိကျော်ဇင်အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယို ကိုအေးဇော်မိုး(စက်မှု)နှင့် အဖွဲ့အားလည်းကောင်း၊ The Aces တေးဂီတအဖွဲ့အားလည်းကောင်း၊ ရွှေကျုံးနှင့် မန်းသီရိမေဖိနပ်မှ အန်တီခင်မာရီနှင့် မိသားစုအားလည်းကောင်း၊ Summit Parkview Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း လက်ဖွဲ့ပစ္စည်းများ ပေးပို့ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟ၊ သူငယ်ချင်းအပေါင်းတို့အားလည်းကောင်း အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်ဆန်းထူးမောင်-မဆုဝေအောင်။

မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ပန်းဆွဲလမ်းနေ

ဦးဝမ်တည်(သင်္ဂဟဆီစက်)-ဒေါ်မြခိုင်(အလယ်တန်းကျောင်းအုပ်၊ ငြိမ်း)တို့၏သားငယ်

မောင်ကျော်ကျော်အောင်

B.E (Electronics)

Project Manager, ADL Control Pte.,Ltd.

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သီရိမင်္ဂလာလမ်း၊ အမှတ် (၅၀/B)နေ

ဦးမြင့်ဆွေ-ဒေါ်အေးအေးနွယ်တို့၏တစ်ဦးတည်းသောသမီး

ဒေါက်တာဆွေဇင်အေး

M.B.,B.S (Ygn), M. Med.Sc (Paediatrics)

ရန်ကုန်ကလေးဆေးရုံကြီး

တို့၏ ၂၉-၅-၂၀၁၀ရက် (စနေနေ့)တွင် Traders Hotel ၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲသို့ တက်ရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာအောင်လက်ထပ်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဒေါက်တာအေးမောင်ဟန်(ပါမောက္ခချုပ်၊ဆေးတက္ကသိုလ်-၁၊ ငြိမ်း)နှင့် ဇနီးဒေါက်တာ သီရိထွန်းမြင့်(ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ အစား/ဆေးဝါး၊ ကျန်းမာရေးဦးစီးဌာန)တို့အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲ ဒေါက်တာခင်သန့်စင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင် မောင်ပိုင်စိုးနိုင်ထွန်းနှင့် မင်္ဂလာရှေ့ဆောင်များဖြစ်ကြသော မောင်အောင်ခန့်မိုး၊ မောင်အံ့မြတ်ကိုနှင့် မောင်စိုးမိုးနိုင်ထွန်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော Cupid တေးဂီတအဖွဲ့၊ ဓာတ်ပုံဗီဒီယို စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မိတ်ကပ်ဆံပင်ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ Forever၊ မင်္ဂလာဖိတ်စာ ဒဂုံပုံနှိပ်တိုက်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးအတွက် အဘက်ဘက်မှ ကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများ၊ သူငယ်ချင်းများအားလုံးကိုလည်းကောင်း အထူးပင် လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်ကျော်ကျော်အောင်-ဒေါက်တာဆွေဇင်အေး။

တိုက်နှင့်ခြံ ရောင်းမည်

ရတနာလမ်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ နှစ်ထပ်၊ ရေ၊မီး၊ပါဝါမီတာ၊ အဝီစိတွင်းရှိ၊ ခြံ ပေ ၁၁၀×၁၁၅ ပေ၊ အိမ် ၇၀၀၀ sq-ft ။

ဖုန်း-၀၉-၄၃-၃၅၄၄၂။

အမည်ပြောင်း

မန္တလေးမြို့ မဟာအောင်မြေ အလက(၁၂) သတ္တမတန်း(A)မှ အဖ ဦးအောင်ကျော်၏သား မောင်ထက်နေလင်းအား မောင်ထိန်မြင့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ထိန်မြင့်ကျော်။

အမည်ဖြည့်စွက်ခေါ်ပါရန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ အဖ ဦးဒါမီယာ(ခ)ဦးမောင်အေး၏သမီး မချိုမာဦး MME-662720 အား မချိုမာဦး(ခ)မစိုးစိုးဇင်ဦးဟု ဖြည့်စွက်ခေါ်ပါရန်။ **မချိုမာဦး(ခ)မစိုးစိုးဇင်ဦး။**

ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၇က/၂၅၁၀ ၏ အခွန်ကျေပုံစံ(၁) အစိမ်းရောင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀-၉၃၉၇၈။

ကလေးကျန်းမာပညာ ဘွဲ့လွန်ဆက်သင်စာ သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း ကလေးကျန်းမာပညာအဖွဲ့ကကြီးမှူး၍ Guidelines for Improving Patient's Safety ခေါင်းစဉ်ဖြင့် ဘွဲ့လွန်ဆက်သင်စာ သင်တန်းကို ဇွန်၂၆ရက် (စနေနေ့)နံနက်၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်ကလေးဆေးရုံကြီး စာသင်ဆောင်သစ်တွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါသင်တန်းတွင် ကလေးအထူးကု ဆရာဝန်ကြီး သုံးဦးနှင့် ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီးတစ်ဦးတို့က ဟောပြောပို့ချမည်ဖြစ်ပြီး ဆေးကုမ္ပဏီများ၏ ဆေးဝါးပြခန်း၂၅ခုကိုလည်း ခင်းကျင်းပြသထားမည်ဖြစ်သည်။

စိတ်ပါဝင်စားသူ ဆေးကျောင်းသား၊ ကျောင်းသူများ၊ ဆရာဝန်များ တက်ရောက်နိုင်ပြီး မှတ်ပုံတင်ခြင်းကို ဇွန် ၂၃ရက် နံနက် ၉နာရီမှစ၍ ရုံးချိန်အတွင်း ရန်ကုန်ကလေးဆေးရုံကြီးစာသင်ဆောင်(ဒီ)၌လည်းကောင်း၊ ကျင်းပမည့်နေ့ နံနက် ၈နာရီမှစ၍ ကျင်းပမည့်နေရာတွင်လည်းကောင်း ပြုလုပ်နိုင်သည်။

(မြန်မာနိုင်ငံဆရာဝန်အသင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနအတွက် စက်ဆီချောဆီများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားများအတွက် အရည်အသွေးမီ အင်ဂျင်ဝိုင်/ ဟိုက်ဒြောလစ်ဝိုင်/အမဲဆီစသည့် စက်ဆီ/ချောဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စက်ဆီ/ချောဆီ (၈)မျိုး ပေပါ(၂၃၇၀)

၂။ တင်ဒါပုံစံများကို တစ်စောင်လျှင်ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါပေးသွင်းမှုကို ၂-၇-၂၀၁၀ ရက် ၁၆:၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)

ရုံးအမှတ်(၄၃)၊ နေပြည်တော်

ဖုန်းအမှတ်-၀၆၇-၄၁၀၃၁၇။

T-Zar, T & Z Club
အထည်ဆိုင်

မင်္ဂလာဈေး၊ မြေညီထပ် (၈၄၂-၈၄၃) နှင့် (၆၁၃-၆၁၄)ဆိုင်တို့ကို ယုဇနပလာဇာ မြေညီထပ် အမှတ် W-၁၅(ဝင်ပေါက် ၃) ဆိုင်နှင့် အမှတ် ၃၆၂ B ရုံ၊ သိမ်ကြီးဈေးသို့ ပြောင်းရွှေ့ရောင်းချလျက်ရှိပါသည်။

မိတ်ဟောင်းမိတ်သစ်များအားကျေးဇူးတင်လျက်-

ဖုန်း-၀၁-၂၀၅၉၃၁၊

၀၁-၃၇၂၂၁၅။

နှစ်ပတ်လည်ဆုတောင်း

သီ ခြောက်နှစ်မြောက် နှစ်ပတ်လည်မှသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုသော ယုံကြည်မှုများဖြင့် အတူတကွ လျှောက်လှမ်းနိုင်ရန် ရည်သန်လျက် –

ချစ်ခင်ပွန်း-စိုးမိုး။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်(သုဝဏ္ဏ)ရပ်ကွက်၊ ဘုရင့်နောင်ကမ်းနားလမ်း၊ မြေကွက်အမှတ်၉၅၈၊ (အလျားပေ၂၀×အနံ ၁၁၄ပေ) မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဦးဟောင်ဒေါ် ၁၂/ဗဟန(နိုင်)၀၄၃၇၉၈က တစ်ဦးတည်း ပိုင်ဆိုင်လက်ဝယ်ထားရှိပိုင်ဆိုင်ပါသည်။ အထက်မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူရန်အတွက် တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားစာရွက်စာတမ်းများနှင့်တကွ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိုးမြင့်

အမှတ် ၂၉၊ ဒုတိယလွှာ၊ ၁၀လမ်း၊ ၄ ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁-၈၈၈၄၇၊ ၀၁-၂၂၂၀၈၉။

အမြန်ပြန်လာပါ

မမြတ်ရတနာသူ ၁၂/ကမရ(နိုင်) ၀၄၅၀၂၈ ဖြစ်ပြီးသမျှကိစ္စအားလုံးခွင့်လွှတ်ပါသည်။ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ ဖြားယောင်း သွေးဆောင်၍ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးပါသည်။

ခင်ပွန်း-ရဲထွဋ်လေး

၁၂/ဗဟန(နိုင်)၀၁၇၃၅၀

သား-မောင်ကိုကို။

အများသိစေရန်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဝဏ္ဏသီဂီလမ်း၊ အောင်သုခကုမ္ပဏီမှ ဆောက်လုပ်ထားသော တိုက်အမှတ်(၅၂၄/အေ)၊ အခန်းအမှတ်(ဘီ/၂)၊ နှစ်လွှာ၊ တိုက်ခန်းနှင့် ဖုန်းအမှတ် ၅၅၅၅၀၆၏ ပိုင်ရှင်ဖြစ်သူ ဦးစိန်ဝင်း ၁၂/လသန(ဧည့်) ၀၀၀၃၁၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေထားပါသည်။

ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့် ကန့်ကွက်နိုင်ပါကြောင်း၊ငှင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်စိုး ၁၂/တမန(နိုင်)၀၀၂၆၂၇၊

ဦးဇေယျာထက် ၉/မခန(နိုင်)၀၄၅၇၃၃

ထက်အောင်သျှိုင်း(အိမ်၊ ခြံ၊ မြေ)အကျိုးဆောင်၊

ဖုန်း-၀၉-၈၆-၂၁၂၈၃၊ ၀၉-၅၁-၁၀၁၇၃။

ကျောက်ထုမြို့၌ ပန်းအလှပင်များစိုက်ပျိုး

ကျောက်ထု ဇွန် ၂၂

ကျောက်ထုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးဉာဏ်ဦး၏ ဦးဆောင်မှုဖြင့် ဝန်ထမ်းများ စုပေါင်း၍ ဇွန် ၁၅ ရက်တွင် ရုံဘိုရပ်ကွက် ယောမင်းကြီးလမ်း တစ်လျှောက် လမ်းဘေးဝဲယာတွင် ပန်းအလှပင်များ စိုက်ပျိုးကြသည်။ **(မြို့နယ်စည်ပင်)**



လယ်ဧက ၆၀၀ ရေပေးနိုင်မည့် ကျေးလက် ဆည်တည်ဆောက်ရေး တာချီလိတ်ခရိုင်ဥက္ကဋ္ဌ ကွင်းဆင်း စစ်ဆေး

တာချီလိတ် ဇွန် ၂၀

တာချီလိတ်ခရိုင် စိုက်ပျိုးရေးညှိနှိုင်းမှု ကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ဇွန် ၁၅ ရက် မွန်းလွဲ ၂ နာရီက တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေး ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးကျော်စွာ ထွန်းက သဘာဝသစ်တော သယံဇာတများ ထိန်းသိမ်းရေး၊ သဘာဝရေထွက်အရင်း အမြစ်များထိန်းသိမ်းရေးနှင့် နှစ်ရှည်သီးနှံ ရော်ဘာပင်များကြား ပဲပုပ်၊ နှမ်းအစရှိသော သီးညှပ်သီးနှံများ စိုက်ပျိုးရေးတို့ကို ဆွေး နွေးမှာကြားသည်။ ဆက်လက်၍ စိုက်/ညှိ အဖွဲ့ဝင်များက ဖုန်အလိုက် မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးပြီးစီးမှု အခြေအနေ များ၊ စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေး ဆောင်ရွက်မှုများ တင်ပြရာ ခရိုင်ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးတင် ထူးမောင်တို့က လိုအပ်ချက်များကို ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌဦးကျော်စွာထွန်း သည် တာဝန်ရှိသူများနှင့်အတူ မိုင်းဖုန်း(ခ) ကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက ၆၀၀ ကျော်တို့ကို မယ်ဟုတ်ချောင်းရေဖြင့် ရာသီ မရွေး စိုက်ပျိုးရေပေးဝေနိုင်ရန် ဆောင်ရွက် မည့် ကျေးလက်ဆည် တည်ဆောက်ရန် လျာထားနေရာကို ကွင်းဆင်း ကြည့်ရှု သည်။ **(အပေါ်ပုံ)** (၀၁၆)

မြို့နယ် သတင်း ထွေတလာ

ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ရသေ့တောင်မြို့နယ်၌ ကျင်းပ

စစ်တွေ ဇွန် ၁၉

စစ်တွေခရိုင် ရသေ့တောင်မြို့နယ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်း အနားကို မေ ၂၇ရက် မွန်းတည့် ၁၂ နာရီက ရသေ့တောင် (အထက)ကျောင်း၌ ကျင်းပ ရာ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ပညာရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင် မျိုးမြင့်က အဖွင့်အမှာစကား ပြောကြား သည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးမြင့်ဆွေက ကျောင်းနေအရွယ်ကလေးများ အားလုံး ကျောင်းနေရေးနှင့် ကျောင်းနေမြဲ ရေး လုပ်ငန်းစဉ်ကို ဆွေးနွေးပြောကြားပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် စာရေး ကိရိယာနှင့် ကျောင်းသုံးစာအုပ်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်မျိုးမြင့်က ပေးအပ် လှူဒါန်းသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

ရှင်းလင်းတင်ပြ

ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်မြို့မ(မင်္ဂလာဈေး)အတွင်း ဇွန် ၈ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ ရှင်းလင်း တင်ပြစဉ်။ (၁၇၆)

သွေးလွန်တုပ်ကွေးရောဂါ လျော့နည်းပပျောက်ရေးလုပ်ငန်းများ မန္တလေးမြို့တော်ဝန် ကွင်းဆင်းကြည့်ရှုစစ်ဆေး

မန္တလေး ဇွန် ၂၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် တိုင်းကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မန္တလေးမြို့အတွင်း ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ လျော့နည်းပပျောက်စေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ စုပေါင်းဆောင်ရွက်ခြင်းကို ဇွန် ၁၃ရက် နံနက် ၈ နာရီက ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက်အတွင်းရှိ ၇၅ လမ်းနှင့် ၇၆ လမ်းကြား၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြား တွင် ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ၇၅ လမ်း၊ ၂၈ လမ်းနှင့် ၂၉လမ်းကြားရှိ အမှတ် (၁၂) အခြေခံပညာ အထက်တန်းကျောင်း မျက်နှာစာရှေ့တွင် သန့်ရှင်းရေးဝန်ထမ်း များ၊ မြောင်းဆယ်ဝန်ထမ်းများဖြင့် လမ်း ဘေးဝဲယာရေနုတ်မြောင်းများ အတွင်းမှ အမှိုက်သရိုက်အညစ်အကြေးများ၊ မြောင်းစာ များ ဆယ်ယူရှင်းလင်းနေမှု၊ မန္တလေး မြို့တော် စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန၊ ကျန်းမာရေးဌာနခွဲ ဝန်ထမ်းများနှင့် တိုင်းကျန်းမာရေးဦးစီး ဌာနမှ ဝန်ထမ်းတို့ဖြင့် ရပ်ကွက်များအတွင်းရှိ ရေနုတ်မြောင်းများ၊ ခြင်ခိုအောင်းနေရာ များတွင် ခြင်ဆေးဖျန်းစက်လေးလုံးဖြင့် တစ်အိမ်တက်ဆင်း ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်နေမှုလုပ်ငန်းများကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး ဟေမာဇလရပ်ကွက် များအတွင်း သန့်ရှင်းရေးနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူ များအား လိုအပ်သည်များ မှာကြားသည်။ (၁၁၃)

တောင်ငူမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေး နှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အမှတ်(၅)လမ်း ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင် နီယာ(၂)ဦးဝဏ္ဏမောင်နှင့်အဖွဲ့ ဆောင် ရွက်နေမှုကို လက်ထောက်ညွှန်ကြား ရေးမှူးဦးတင်ဦးလေးနှင့် လက်ထောက် အင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နေပြည်တော် လယ်ဝေး သီရိရတနာမြို့မဈေး သမလီမိတက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၂၂

နေပြည်တော် လယ်ဝေး သီရိရတနာမြို့မဈေး သမဝါယမအသင်း လီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၅ရက် မွန်းလွဲ ၂နာရီက အသင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန သမဝါယမ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က အမှာ စကား ပြောကြားကြသည်။

အတည်ပြု

ဆက်လက်၍ အသင်းအတွင်းရေးမှူး ဦးစိန်ဝင်းက အမှုဆောင် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြား တင်သွင်း အတည်ပြုချက်ရယူသည်။

ကူညီထောက်ပံ့

ထို့နောက် အသင်းသား အသင်းသူများ၏ သားသမီးများမှ တက္ကသိုလ်ဝင်တန်း အောင်နှင့် ဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်များ ကူညီ ထောက်ပံ့ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ပုသိမ်ခရိုင်၌ ကျင်းပ

ပုသိမ် ဇွန် ၂၁

ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီက ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဆွေက ပုသိမ်ခရိုင်၏ ၂၀၁၀-၂၀၁၁ ခုနှစ် စီမံကိန်းရည်မှန်းချက်များ ရာနှုန်းပြည့် ကျော်လွန်အောင်မြင်ရေး အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ခရိုင်စီမံကိန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်က ၂၀၀၉-၂၀၁၀ ခုနှစ် စီမံကိန်းရည်မှန်းချက်များ ကဏ္ဍအလိုက်တာဝန်ပေးအပ်မှုနှင့် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို သုံးသပ်တင်ပြခြင်းနှင့် ၂၀၁၀-၂၀၁၁ ခုနှစ် စီမံကိန်းရည်မှန်းချက် များကို ကဏ္ဍအလိုက် တာဝန်ပေးအပ်ထားမှု အခြေအနေများကို ဆွေးနွေးမှာကြား သည်။

မွန်ပြည်နယ် ရဲတပ်ဖွဲ့ဝင် သားသမီးများအား စာရေးကိရိယာနှင့် ပညာသင်စရိတ်ထောက်ပံ့

ရန်ကုန် ဇွန် ၂၂

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး၏ တပ်ဖွဲ့ဝင်သားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင် နှစ်အတွက် စာရေးကိရိယာနှင့် ပညာသင်စရိတ်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဇွန် ၅ရက်က မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည်က အမှာစကားပြောကြားပြီး မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယ ပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဟန်ထွန်းနှင့် တာဝန်ရှိသူများက တပ်ဖွဲ့ဝင် သား သမီးများဖြစ်ကြသည့် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် စဉ်တို့အား စာရေးကိရိယာနှင့် ထောက်ပံ့ကြေးငွေများကို ပေးအပ်ကြသည်။

ပညာသင်စရိတ်

အလားတူ မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ ချောင်းဆုံမြို့နယ်နှင့် ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးများမှ တပ်ဖွဲ့ဝင် သားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် စာရေးကိရိယာနှင့် ပညာသင်စရိတ်ထောက်ပံ့ကြေးပေးအပ်ပွဲများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရုံးများ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူးများက အမှာစကားပြောကြားကြသည်။

ယင်းနောက် မုဒုံမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်မြတ်တင့်၊ သံဖြူဇရပ် မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးညိုလှ၊ ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်အောင်နှင့် ချောင်းဆုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲအုပ်မျိုးသက်တို့က တပ်ဖွဲ့ဝင် သားသမီး များအား စာရေးကိရိယာနှင့် ထောက်ပံ့ကြေးငွေများကို ပေးအပ်ကြသည်။

(သတင်းစဉ်)

ဇွန်၁၆ရက်က လားရှိုး-မန္တလေးသွား ပြည်ထောင်စုလမ်းမကြီးဖြစ်သော ဗိုလ်ချုပ်လမ်းမကြီး လမ်းဘေးဝဲယာတစ်လျှောက် မြက်များ၊ ချုံနွယ်များ မရှိစေရေး သန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပေးအပ်

ထို့နောက် ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ၂၀၁၀- ၂၀၁၁ခုနှစ် နှစ်စဉ်စီမံကိန်း တာဝန်ပေးအပ်လွှာများကို ဌာနဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်သည်။ **(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၃၅၇(က)၊မြေကွက်တည်နေရာအမှတ်(၃၅၇/က)၊(၉)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးဝင်းစိန် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဖခင် ဦးဝင်းစိန်၊ မိခင် ဒေါ်အေးသန်း ကွယ်လွန်သဖြင့် (၁) ဦးမြင့်သိန်း ၁၂/သဃက(နိုင်)၁၁၇၃၉၂၊(၂) ဒေါ်ဝင်းဝင်းသိန်း ၁၂/သဃက(နိုင်)၀၆၈၆၇၀၊ (၃) ဒေါ်ညွန့်ညွန့် ၁၂/သဃက (နိုင်) ၀၆၈၆၆၉၊ (၄) ဒေါ်စန်းစန်းငွေ ၁၂/သဃက(နိုင်)၁၉၅၆၁၄တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါသည်

ရွှေပေါက်ကံ မြေကွက် ၁၁/၁၀၁၄ အမည်ပေါက် ဒုတပ်ကြပ်ဖော်လတ်ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မြေနှင့် အခွန်ဌာနခွဲ မြေယာရုံးခွဲ(၅) မြောက်ဥက္ကလာပမြို့နယ်တွင် အိမ်ရာဆောက်လုပ်နေထိုင်ခွင့် ကိုယ်စားထုတ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးမြင့်ငွေ
၁၂/ဥကမ(နိုင်)၁၀၉၇၉၅
အမှတ်-၂၊ ဆဒ္ဒါန်လမ်း၊
(၄)ရပ်ကွက်၊ မြောက်ဥက္ကလာပ။

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

မန္တလေးတိုင်းတရားရုံး

၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်- ၄၄၇နှင့်ဆက်သွယ်သည့် ၂၀၁၀ခုနှစ် တရားမဇာရီမှုအမှတ်-၁၀၁

ဦးကျော်မြင့် **နှင့်** ဒေါ်အေးသိင်္ဂီကျော်

ဒီကရီအနိုင်ရသူ **တရားရှုံး**

ဒေါ်အေးသိင်္ဂီကျော် အမှတ်(ခခ-၁၉)၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၄၄၇တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးကျော်မြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၀ခုနှစ် ဇူလိုင် ၈ရက် (၁၃၇၂ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၀ခုနှစ် ဇွန် ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လှဝင်း
တိုင်းတရားသူကြီး။

တိပိဋကဓရ တိပိဋကကောဝိဒ ပူဇော်ပွဲကျင်းပမည်

(၆၂)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ပွဲကြီးမှ ဒွါဒသမမြောက် တိပိဋကဓရ တိပိဋကကောဝိဒအဖြစ် ပေါ်ထွက်လာသော စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်

ဒုတိယတိုက်ကြပ်ဆရာတော်
ဘဒ္ဒန္တအဘိဇာတာဘိဝံသအား
ဂုဏ်ပြုပူဇော်ပွဲကို

၁၃၇၂ ခုနှစ် ပထမဝါဆိုလဆန်း ၁၄ရက် (၂၅-၆-၂၀၁၀)ရက် သောကြာနေ့တွင် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ ဒါယိကာမများ၊ ရဟန်းဒါယကာ ဒါယိကာမများ၊ ပစ္စည်းလေးပါးဒါယကာ၊ ဒါယိကာမများနှင့် သာသနာ့အာဇာနည်အရှင်မြတ်ကို ဂုဏ်ပြုပူဇော်လိုသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ
ဖုန်း-၀၇၂-၂၁၃၁၁၊
၀၉-၆၈၁၈၄၈၄၊
၀၉-၆၇၀၈၃၂၃။

ရောင်းမည်

(၃၉)လိုင်းယာဉ်ကြီးများ ရောင်းမည်။

ဆက်သွယ်ရန်ဖုန်း-၂၂၈၃၅၆၊ ၀၉-၅၁၀၂၈၂၄။

Taxi ရောင်းရန်ရှိသည်

ကက/၄၀၀၀ကျော် Toyota Crown(တိုယိုတာကရောင်း)၊ မီးခိုးရောင်၊ လိုင်စင်အသစ်၊ အင်ဂျင်အသစ် ခိုင်းရန်အသင့်၊ ဦးသူရောင်းမည်။

ဖုန်း-၅၀၇၂၃၂၊ ၀၉-၅၁၆၇၇၂၁။

သံပရာသီး

ဝယ်သည်။

ဖုန်း-၀၁-၅၄၆၅၇၅။

ကန့်ကွက်နိုင်ပါသည်

ရွှေပေါက်ကံ မြေကွက် ၁၁/၁၃၅ အမည်ပေါက်-ဒေါ်မြမြစန်းကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မြေနှင့်အခွန်ဌာနခွဲ မြေယာရုံးခွဲ(၅) မြောက်ဥက္ကလာပမြို့နယ်တွင် အိမ်ရာဆောက်လုပ်နေထိုင်ခွင့် ကိုယ်စားထုတ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးအေးလွင်
၁၂/လကန(နိုင်)၁၁၅၆၂၈
၁၂/၄၆၅၊ အောင်ဇေယျလမ်း၊
ရွှေပေါက်ကံ။

မိုးကောင်းမြို့နယ် တက္ကသိုလ်ဝင်တန်း ၃၅ရာခိုင်နှုန်းကျော်အောင်

မိုးကောင်း ဇွန် ၂၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ၁၉၉၆ဦး ဖြေဆိုရာ ၇၁၆ဦး အောင်မြင်ခဲ့သည်။

၂၀၀၉-၂၀၁၀ ပညာသင်နှစ်၌ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၂ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၄၇ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၁၈၀ဖြစ်ပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၃၅ဒသမ ၈၇ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ ***(မြို့နယ်ပြန်/ဆက်)***

မန္တလေးတိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)မှ အမှုဆောင်ကော်မတီဝင်နှင့် ဝန်ထမ်းသားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ၂၅ရက်က ချမ်းအေးသာစံမြို့နယ် ၆၃လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြားရှိ မထသ (မြို့တွင်း) အစည်းအဝေးခန်းမ၌ကျင်းပရာ မထသ(မြို့တွင်း)ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်ဝင်း(ငြိမ်း)က ဝန်ထမ်းသားသမီး ကျောင်းသားတစ်ဦးအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်စဉ်။ (၀၉၀)

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ ပိုးလောက်လမ်းနှိမ်နင်းရေး၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် မြို့ပေါ် ရပ်ကွက်များဖြစ်သည့် မြို့မ ၃၊၄၊၆၊၇နှင့် ၉ရပ်ကွက်တို့တွင် ဇွန် ၅ရက်က ပိုးလောက်လမ်းနှိမ်နင်းဆေး လိုက်လံဆေးခတ်ခြင်းတို့ကို တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်စိုးနှင့် ကျန်းမာရေးဌာနဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (၁၃၇)

နွေစပါးစံကွက်ရိတ်သိမ်းပွဲ ရွှေဘို၌ကျင်းပ

ရွှေဘို ဇွန် ၂၁

ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် အောင်မြင်ဖြစ်ထွန်းနေသော ရက်၉၀ စပါးနှင့် စံကွက်ရိတ်သိမ်းသရုပ်ပြပွဲ အခမ်းအနားကို ဇွန် ၇ရက် နံနက် ၈နာရီက လှတောကျေးရွာ ကွင်းအမှတ် (၃၂၈၀) တောင်သူ ဦးကြည်ရှိန်၏ လယ်ကွင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

သရုပ်ပြပွဲသို့ ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူး (စာရင်းအင်း) ဦးအေးမောင်စိန်၊ တိုင်းမြေစာရင်း ဒုတိယ ညွှန်ကြားရေးမှူး ဦးအေးကျော်၊ ခရိုင်၊ မြို့နယ် မြေစာရင်းဦးစီးမှူးများနှင့် မြို့နယ် စိုက်တိုးမြှင့်အဖွဲ့တို့ တက်ရောက်ကြသည်။

ထို့နောက် မြေစာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူးက လျာထားချက်ပြည့်မီ ကျော်လွန်စေရန်နှင့် မျိုးကောင်းမျိုးသန့်စပါး များ စိုက်ပျိုးကြရန် မှာကြားပြီး ဒေသခံ တောင်သူများနှင့် ရင်းနှီးစွာ တွေ့ဆုံခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ကျခတ်ကျေးရွာ အမျိုးသမီးရေးရာ စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၀ရက်က အဆိုပါစာကြည့်တိုက် ရှေ့၌ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ချိုဦး၊ ကျေးရွာဥက္ကဋ္ဌ ဦးတက်ချိုနှင့် ရပ်မိရပ်ဖ ဦးကျောက်လုံးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများ ပါတီဝင်အင်အားစုဆောင်းခြင်းနှင့် စပ်လျဉ်းသည့်

ညွှန်ကြားချက်အမှတ် (၂/၂၀၁၀) ထုတ်ပြန်

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ပြည့်နှစ် ဇွန် ၂၁ရက်စွဲဖြင့် ညွှန်ကြားချက်အမှတ်(၂/၂၀၁၀)ကို ထုတ်ပြန်လိုက်သည်။ အဆိုပါညွှန်ကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ညွှန်ကြားချက်အမှတ် (၂/၂၀၁၀)
၁၃၇၂ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ရက်
(၂၀၁၀ပြည့်နှစ်၊ ဇွန်လ ၂၁ရက်)

အကြောင်းအရာ ။ **နိုင်ငံရေးပါတီများ ပါတီဝင်အင်အားစုဆောင်းခြင်း**

နိဒါန်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ပြည့်နှစ်တွင် ကျင်းပပေးနိုင်ရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများ တည်ထောင်ခွင့်ပြုခြင်းနှင့် မှတ်ပုံတင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများသည် ပုဒ်မ ၁၀နှင့် ကိုက်ညီသော ပါတီဝင်များကို စည်းရုံးပြီး၊ ပုဒ်မ ၁၁နှင့် နည်းဥပဒေ ၁၃(က) (ခ)တို့အရ သတ်မှတ်ထားသည့် ပါတီဝင်အင်အားပြည့်မီအောင် စည်းရုံးရရှိပြီးဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရမည် ဖြစ်ပါသည်။

၃။ သို့ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မှတ်ပုံတင်ခွင့် ရရှိပြီးသော နိုင်ငံရေးပါတီများက သတ်မှတ်ပါတီဝင်အင်အား စုဆောင်းရရှိရေးအတွက် စည်းရုံးရာတွင် ဥပဒေနှင့်အညီ စနစ်တကျဖြစ်စေရန် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၆ အရ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ✳